ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ပထမဝါဆိုလပြည့်ကျော် ၈ ရက်၊ သောကြာနေ့၊ (9-7-2004)(၄၂၈၉)

ဒါနစွ
တော် မင်္ဂလ မုတ္တမံ။

ပေးကမ်းလှူဒါန်းခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေ
သြစတြေးလျားသမ္မတကွယ်လွန်ခြင်းအတွက်ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ သြစတြေးယားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာသောမတ်စ်ကလက်စ်တီး ၂၀၀၄ ခုနှစ် ဇူလိုင် ၆ ရက်တွင် ရုတ်တရက်ကွယ်လွန်သွားခြင်းအတွက် သြစတြေးယားသမ္မတနိုင်ငံ အစိုးရထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့ခဲ့သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ လုံးတုံကျေးရွာ တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်
တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

ရန်ကုန် ဇူလိုင် ၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ-နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ လိုက်ပါလျက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မကြာမီအတွင်း ချစ်ကြည်ရေးခရီးသွားရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

ချစ်ကြည်ရင်းနှီးစွာအတူတကွနေထိုင်လာခဲ့သည့်အစဉ်အလာကောင်းကို လက်ဆင့်ကမ်း
တိုင်းရင်းသားညီအစ်ကိုအားလုံး ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်
ကိုယ့်ဒေသ၊ ကိုယ့်မြို့၊ကိုယ့်ရွာ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရန်လို

ရန်ကုန် ဇူလိုင် ၈

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၄ ရက်နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့မှ ရဟတ်ယာဉ်ဖြင့်ထွက်ခွာကြရာ ကချင်ပြည်နယ် မိုးညှင်းမြို့သို့ နံနက် ၈နာရီ ၄၅မိနစ်တွင် ရောက်ရှိကြသည်။

ကြိုဆို

ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်အဖွဲ့ဝင်များအား မိုးညှင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် မိုးညှင်းမြို့ စိမ်းလဲ့ရတနာခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက မိုးညှင်းမြို့နယ်အတွက်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✧

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။

ကြေးမုံ The Mirror

၉-၇-၂၀၀၄
(သောကြာနေ့)

ဒေသပိုမိုဖွံ့ဖြိုးတိုးတက်ရေး ဝီရိယစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ မျှမျှတတဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းကြီးများဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ အဆိုပါ စီမံကိန်းကြီးသုံးရပ်တွင် ပါဝင်သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီးများ စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်စီမံကိန်းတို့ကို တစ်နိုင်ငံလုံး၌ ဖြန့်ကြက်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော် တာဝန်ရှိပုဂ္ဂိုလ်များသည် ပြည်နယ်နှင့် တိုင်းဒေသအနှံ့သို့ သွားရောက်၍ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးလုပ်ငန်းများ၊ စီးပွားရေးတိုးတက်မြင့်မားရေးအပါအဝင် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဖွဲ့ဝင်များလိုက်ပါလျက် ဇူလိုင်လ ၄ ရက်နေ့က မန္တလေးတိုင်း ရမည်းသင်းမြို့၊ တပ်ကုန်းမြို့နှင့် ပျဉ်းမနားမြို့တို့သို့သွားရောက်၍ သက်ဆိုင်ရာမြို့နယ်များအတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံစီတို့ကို ပေးအပ်ခဲ့ပြီး ဒေသဆိုင်ရာ တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ခရီးစဉ်အတွင်း တပ်ကုန်းမြို့သို့ ရောက်ရှိစဉ် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံရာ၌ **ပြည်သူများကလည်း မိမိတို့၏ ဆန်စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့် အခြားစိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ ပိုမိုဖြစ်ထွန်းလာရေးအတွက် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် မိမိအတွက် အကျိုးစီးပွားဖြစ်ထွန်းလာမည့်အပြင် နိုင်ငံတော်အတွက်လည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြုရာရောက်ကြောင်း၊ ထို့ကြောင့် တောင်သူလယ်သမားများ၊ ကုန်ထုတ်လုပ်သူများအားလုံးက ဝီရိယစိုက်ထုတ် ကြိုးပမ်း ဆောင်ရွက်သွားကြရန်** မှာကြားခဲ့သည်။

တပ်ကုန်းမြို့နယ်သည် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းသဖြင့် စီးပွားရေးအခြေအနေ ကောင်းမွန်လျက်ရှိသည်။ မြို့နယ်အတွင်း အဓိကသီးနှံ ၁၀မျိုး စိုက်ပျိုးဖြစ်ထွန်းလျက်ရှိရာ ဒေသဝမ်းစာဖူလုံမှု ၁၃၀ ဒသမ ၉၇ ရာခိုင်နှုန်း၊ ဆီဖူလုံမှု ၃၂၉ ဒသမ ၆၇ ရာခိုင်နှုန်းနှင့် ပဲမျိုးစုံဖူလုံမှု ၂၈၉ ဒသမ ၂၃ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်က တပ်ကုန်းမြို့နယ်အတွင်း စိုက်ပျိုးရေးအတွက် ဆင်သေရေလှောင်တမံ၊ မုန်းရေထိန်းတမံ၊ ကင်းသာ ရေလှောင်တမံ၊ ပွဲစားဆည်၊ ညောင်ကိုင်းဆည်နှင့် မကျည်းပင်ဆည်တို့ကို တည်ဆောက်ပေးထားရာ တောင်သူလယ်သမားများက ဆည်ရေများကို အကျိုးရှိရှိသုံးစွဲပြီး သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်သွားကြရမည် ဖြစ်သည်။

ရမည်းသင်းမြို့နယ်၏ စားသုံးဆီနှင့် ပဲမျိုးစုံထွက်ရှိမှုမှာ ဖူလုံပိုလျှံမှုရှိကြောင်းသိရသည်။ အထွက်ကောင်းစပါး မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးပြီး သီးထပ်စွမ်းအားတိုးတက်ရေး၊ ဒေသဝမ်းစာဖူလုံရေး ဆက်လက်ကြိုးပမ်းကြရန် လိုအပ်သည်။

ပျဉ်းမနားမြို့နယ်သည် ရေမြေရာသီဥတုကောင်းမွန်ပြီး အဓိကသီးနှံများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည်။ ဒေသဝမ်းစာ ဖူလုံမှုအနေဖြင့် ၉၃ ရာခိုင်နှုန်းကျော်သာရှိသဖြင့် ဒေသဝမ်းစာဖူလုံရေး အလေးထားစိုက်ပျိုးကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက ဒေသအလိုက်စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးများ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဆည်မြောင်းတမံများ၊ ကျောင်းများ၊ ဆေးရုံများ၊ တက္ကသိုလ်၊ ကောလိပ်များကို တိုးချဲ့တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

သို့ဖြစ်ရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တောင်သူလယ်သမားများနှင့် ကုန်ထုတ်လုပ်သူများအနေဖြင့် စိုက်ပျိုးသီးနှံများ ပိုမိုထွက်ရှိရေး၊ ကုန်ထုတ်လုပ်ငန်းများ ပိုမိုဖြစ်ထွန်းလာရေးနှင့် ဒေသပိုမိုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ် တက်တက်ကြွကြွ ဝီရိယစိုက်ထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

မြန်မာနိုင်ငံတော်ပြန်တမ်း

ရန်ကုန် ဇူလိုင် ၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြညိမ်းအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။



မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း နယ်စပ်/ စည်ပင်ဝန်ကြီးဌာန၌ ဟောပြော

ရန်ကုန် ဇူလိုင် ၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်းသိကောင်းစရာ ဟောပြောပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းလမ်းရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့နှင့် အတွင်းရေးမှူးအဖွဲ့ဝင် ဒေါက်တာဒေါ်စန်းရွှေ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်ကျင်ခိုင်နှင့် အကြံပေးပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနမှ အမျိုးသမီးဝန်ထမ်းများ၊ မိသားစုဝင်များ စုစုပေါင်းအင်အား ၅၂၂ဦးတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့**(အပေါ်ပုံ)**က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပေါ်ပေါက်လာပုံနှင့် နောက်ခံသမိုင်း၊ အဖွဲ့ချုပ်၏ ရည်ရွယ်ချက်(၇)ရပ်နှင့် လုပ်ငန်းအဖွဲ့ ၁၆ခု၏ လုပ်ငန်းတာဝန်များ၊ အဆင့်ဆင့် ဖွဲ့စည်းပုံများကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် ဇာတိမာန် ထက်သန်သော မြန်မာအမျိုးသမီးများ၊ ယဉ်ကျေးသိမ်မွေ့ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်၍ အားမာန်ပြည့်ဝသော မြန်မာအမျိုးသမီးများ ပေါ်ထွန်းရေးကို မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံးက တစ်တပ်တစ်အား ပူးပေါင်းပါဝင်ကြရန် ဆွေးနွေးပြောကြားသည်။

ဟောပြောပွဲအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာလုပ်ငန်း အဖွဲ့ချုပ် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်ကျင်ခိုင်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့အား ဝန်ကြီးဌာန၏ အထိမ်းအမှတ်လက်ဆောင်ကို ပေးအပ်လိုက်သည်။ (သတင်းစဉ်)

ဇူလိုင်၈ရက်က မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီးပတ်လည်တွင် သစ်ပင်စုပေါင်းစိုက်ပျိုးပွဲကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးမြသောင်း ဦးဆောင်သော ပါမောက္ခများ၊ အထူးကုသမားတော်ကြီးများ၊ဆရာဝန်များ၊ သူနာပြုများနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ အုန်းပင်၂၀၀ ကျော် စိုက်ပျိုးကြစဉ်။ (က-ပ)

ရန်ကုန်မိုးရေချိန်

(၈-၇-၂၀၀၄)

ကမ္ဘာအေး – ၀ ဒသမ ၆၃ လက်မ

မှတ်သားဖွယ်ရာမိုးရေချိန်

(၈-၇-၂၀၀၄)

ခန္တီး – ၁၆ ဒသမ ၈၉ လက်မ

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ခုနှစ်၊ ဇူလိုင်လအတွက်
(၁၁-၇-၂၀၀၄)ရက်နေ့နှင့် (၂၅-၇-၂၀၀၄)ရက်နေ့။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း မိုးညှင်းမြို့နယ် စိမ်းလဲ့ရတနာခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (ထပဆ)

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေး ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ကြရန်လို

✧ **ရှေ့ဖုံးမှ**

လက်ဆောင်ပစ္စည်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်သို့လည်းကောင်း၊ အခြေခံပညာကျောင်းများအတွက် ကျောင်းသုံးဗလာစာအုပ်များကို မြို့နယ်ပညာရေးမှူး ဒေါ်သင်မိုးအေးသို့လည်းကောင်း ပေးအပ်သည်။

ယင်းနောက် မိုးညှင်းမြို့နယ် ပညာရေးမှူး ဒေါ်သင်မိုးအေးက မိုးညှင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၏ ၂၀၀၂-၂၀၀၃ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်မှု ရာခိုင်နှုန်း၊ ပညာရေးမြှင့်တင်မှုအတွက် စီစဉ်ဆောင်ရွက်ပေးနိုင်မှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်းကနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်ကြီး သူရရွှေမန်းက အမှာစကားပြောကြားရာတွင် မိုးညှင်းမြို့သို့ မိမိနှင့်အတူ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ယခုရောက်ရှိလာခြင်းမှာ မိုးညှင်းမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို အားပေးမြှင့်တင်ရန်နှင့် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးရန် ရောက်ရှိလာကြခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးကိုဦးစွာဆောင်ရွက်ခဲ့ကြောင်း။

အေးချမ်းတည်ငြိမ်

နိုင်ငံတော်အတွင်းအေးချမ်းတည်ငြိမ်လျက်ရှိပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်နေမှုများကို တွေ့မြင်နေရမှာဖြစ်ကြောင်း။

ယင်းကဲ့သို့ စီးပွားရေးဖွံ့ဖြိုးမှု အရှိန်ရလာခြင်းနှင့်အတူ နိုင်ငံတော်အစိုးရက တစ်နိုင်ငံလုံး၌စိုက်ပျိုးရေးလုပ်ငန်းတွင် အဓိကကျသော ရေရရှိရေး၊လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံအဆောက်အအုံများဖြစ်သော လမ်း၊ တံတားများ၊လေယာဉ်ကွင်းများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်မှုများကို မည်သည့်ခေတ်ကာလနှင့်မျှ မတူအောင် တိုးမြှင့်တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်မှာ သိသာထင်ရှားစွာ တွေ့မြင်ကြရမှာဖြစ်ကြောင်း။

စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရခြင်းမှာလည်း နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးအပါအဝင် မှန်ကန်သော ဦးတည်ချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်၍ ဖြစ်ကြောင်း။

စိုက်ပျိုးရေး ဖြစ်ထွန်းမှုအတွက် မရှိမဖြစ် လိုအပ်သော ရေရရှိရေးအတွက် ဆည်/မြောင်း၊ တာတမံ မြစ်ရေတင် စီမံကိန်းအပါအဝင် နည်းလမ်းမျိုးစုံ အသုံးပြုနိုင်အောင် ငွေကြေး အမြောက်အမြား ကျခံသုံးစွဲနေခြင်းဖြစ်ကြောင်း။

လမ်း၊တံတားများ တိုးချဲ့ဖောက်လုပ်ပေးနေခြင်းဟာလည်း မိုးညှင်းဒေသအပါအဝင် နိုင်ငံတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်နေသည်ကို မြင်တွေ့နေရမှာဖြစ်ကြောင်း။

လူမှုရေးကဏ္ဍတွင် လူ့အရင်းအမြစ်ဖွံ့ဖြိုးစေသော ပညာရေး အဆောက်အအုံများ တည်ဆောက်ပေးမှု၊ ခေတ်မီသော သင်ကြားမှုနှင့် သင်ယူမှုများ ဆောင်ရွက်ပေးနေခြင်းနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ပညာပေးခြင်း၊ ကာကွယ်ခြင်း၊ ကုသခြင်းနှင့် ဆိုင်သော ဆေးရုံဆေးခန်းအသစ်များ ဖွင့်လှစ်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တိုင်းရင်းသားအားလုံး ထိတွေ့ခံစားနေကြရပြီဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှုရှိ၍ စီးပွားရေးဘဝမြင့်မားနေမှု၊ ပညာသင်ယူမှု အခွင့်အလမ်းများ တိုးတက်နေမှု၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ကောင်းမွန်နေမှု၊ သွားရေး၊ လာရေး ချောမွေ့အဆင်ပြေနေမှုစသည့် အခွင့်အလမ်းများ ရရှိနေပြီဖြစ်ကြောင်း၊ ဤကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း မိုးညှင်းမြို့နယ်အတွက် လက်ဆောင်ပစ္စည်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်အား ပေးအပ်စဉ်။ (ထပဆ)

လာခြင်းမှာ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် ဝန်ထမ်းများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် တက်ညီလက်ညီ လက်တွဲပူးပေါင်း ဆောင်ရွက်ခဲ့ကြခြင်းကြောင့်ဖြစ်ကြောင်း။

အောင်မြင်စွာကျင်းပနေ

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်အဖြစ် ကြိုးပမ်းတည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကို အောင်မြင်စွာကျင်းပနေရာအရှိန်အဟုန်ရရှိနေပြီဖြစ်ကြောင်း၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေးအတွက် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ကြရန်လိုကြောင်း။

မိုးညှင်းဒေသသည် ပညာရေးအခြေခံကောင်းများ ရရှိနေသည်နှင့်အညီ ကျောင်းသား၊ကျောင်းသူများအား ယခုထက် ပိုမိုထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များ အဖြစ်ပေါ်ထွန်းလာစေရန် မိဘဆရာကျောင်းသားပူးပေါင်း၍ ဆောင်ရွက်သွားကြရန် ပြောကြားလိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မိုးညှင်းဒေသတွင်ကျောင်းသား၊ကျောင်းသူများ အဆင့်မြင့်ပညာ သင်ကြားနိုင်ရေးရည်ရွယ်ကာ မိုးညှင်းဒီဂရီကောလိပ်၊ စက်မှုလက်မှုသိပ္ပံ(မိုးညှင်း)တို့ကို တည်ဆောက် ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

သို့ဖြစ်ရာ မျိုးဆက်သစ်လူငယ်လူရွယ်များကို ထူးချွန်ထက်မြက်သည့် နိုင်ငံအကျိုးပြုလူရည်မွန်များဖြစ်အောင် နိုင်ငံတော်ကို အလုပ်အကျွေးပြုမည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာအောင်နှင့် ပညာရေးမျှော်မှန်းချက်များ အကောင်အထည်ပေါ်လာအောင် ပူးပေါင်းဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း မိုးညှင်းဒီဂရီကောလိပ်မှ ဆရာ၊ ဆရာမများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။ (ထပဆ)

နိုင်ငံခြားတပ်ဖွဲ့များ အီရတ်မှ ရုပ်သိမ်းသည်နှင့်တစ်ပြိုင်နက် ဆာဒါ၏ ပြည်သူ့စစ်အဖွဲ့ကို ဖျက်သိမ်းမည်ဟု ပြောကြား

ဇူလိုင် ၆ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် ဒုံးပစ်လောင်ချာဖြင့် ပစ်မှတ်ကို ချိန်ရွယ်နေသည့် ရှီးယိုက်လက်နက်ကိုင် တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက် ဇူလိုင် ၇

ရှီးယိုက်ခေါင်းဆောင် မိုတာဒါအယ်လ်ဆာဒါသည် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့နှင့် အပစ်အခတ် ရပ်စဲမှုကို အာမဝန္တာခံထားကြောင်း၊ အီရတ်မြေပေါ်မှ နိုင်ငံခြားတပ်ဖွဲ့များ ရုပ်သိမ်းသွားသည်နှင့် တစ်ပြိုင်တည်း ၎င်း၏ ပြည်သူ့စစ်အဖွဲ့ကို ဖျက်သိမ်းမည်ဖြစ်ကြောင်း ဆာဒါ၏ မြို့တော်ဘဂ္ဂဒက်ဆိုင်ရာ ပြောရေး ဆိုခွင့်ရှိသူက တနင်္လာနေ့တွင် ပြောကြားသည်။

ဆာဒါသည် အမေရိကန် ဦးဆောင်သော တပ်ဖွဲ့နှင့် ရရှိထားသော အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်ကို ဖျက်သိမ်းလိုက်ပြီဟု အာရပ်ရုပ်မြင်သံကြားဌာနနှင့် အခြားသော မီဒီယာများက တနင်္ဂနွေနေ့တွင် သတင်း ထုတ်လွှင့်ခဲ့ကြပြီးနောက် ပြောရေးဆိုခွင့်ရှိသူက ယင်းသို့ ပြောကြားခြင်းဖြစ်သည်။ ပြီးခဲ့သော ဧပြီလမှစ၍ နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့ကို ခုခံတိုက်ခိုက်မှု ပြုလုပ်လာသည့် ဆာဒါ၏ ပြည်သူ့စစ်တပ်ဖွဲ့နှင့် အမေရိကန်တပ်ဖွဲ့တို့အကြား ရှီးယိုက်ခေါင်းဆောင်များ၏ စေ့စပ်ပေးမှုဖြင့်အပစ်အခတ်ရပ်စဲရန် သဘောတူညီခဲ့ကြသည်။

ငြိမ်းချမ်းသောခုခံမှု

မိမိတို့သည် အပစ်အခတ်ရပ်စဲရန် ကတိကဝတ် ပြုထားကြောင်း၊ သို့ရာတွင် အီရတ်မြေပေါ်တွင် နိုင်ငံခြားတပ်ဖွဲ့များ တည်ရှိနေချိန်အထိ ငြိမ်းချမ်းသော ခုခံမှု ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ရှိတ်မာမွတ်ဆူဒါနီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

တိုက်တွန်း

ဆာဒါသည် လွန်ခဲ့သည့်လက ၎င်း၏ ပြည်သူ့စစ်အဖွဲ့ဝင်များ နေအိမ်သို့ ပြန်ရန်ပြောကြားခဲ့ရာ အမေရိကန်တပ်ဖွဲ့အား လက်နက်ကိုင် ဆန့်ကျင်သည့် အနေအထားသည် နိုင်ငံရေးအရ လှုပ်ရှားသည့် အနေအထားသို့ ပြောင်းလဲသွားခဲ့ပုံရသည်။ သို့ရာတွင် အီရတ်၌ ဖြန့်ကြက်ထားသော နိုင်ငံခြားတပ်ဖွဲ့ဝင် ၁၆၀၀၀၀ ခန့်ကို ဆက်လက်ဆန့်ကျင်ကြရန် ဆာဒါက အီရတ်ပြည်သူများအား တိုက်တွန်းခဲ့သည်။

လက်နက်ဖျက်သိမ်း

ဆာဒါ၏ ပြည်သူ့စစ်အဖွဲ့အပါအဝင် အီရတ်ရှိ ပြည်သူ့စစ်အဖွဲ့များအားလုံး လက်နက်ဖျက်သိမ်း ရမည်ဟု ဝန်ကြီးချုပ် အီယတ်အလာဝီက အမေရိကန် ရုပ်မြင်သံကြားမှတစ်ဆင့် တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။ အီရတ်အစိုးရသည် လွန်ခဲ့သည့်လက ပြည်သူ့စစ်အဖွဲ့ဝင်များကို ပိတ်ပင်ခဲ့ပြီး ပြည်သူ့စစ်အဖွဲ့များ ဖျက်သိမ်းရန် ပြည်သူ့စစ်အဖွဲ့ကိုးဖွဲ့နှင့် သဘောတူညီမှု ရရှိခဲ့သော်လည်း ဆာဒါ၏ မီဒီတပ်ဖွဲ့ ပါဝင်ခြင်း မရှိခဲ့ပေ။

ရပ်စဲမည်

အီရတ်မှ နိုင်ငံခြားတပ်ဖွဲ့များ ရုပ်သိမ်းသွားသည်နှင့် တစ်ပြိုင်နက်တည်း မိမိတို့၏ ပြည်သူ့စစ်အဖွဲ့ အလိုအလျောက် ရပ်စဲသွားမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

အီရတ်နိုင်ငံတွင် ညီဖြစ်သူအား အမေရိကန်တပ်ဖွဲ့ဝင်များက မြစ်ထဲသို့ တွန်းချခဲ့သည့် နေရာကို အစ်ကိုဖြစ်သူ မာဝန်းဟက်ဆွန်က ဇူလိုင် ၆ ရက်တွင် ကြည့်ရှုနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်တစ်ဦးအား ရေနစ်အောင်ပြုမှု ကန်တပ်ဖွဲ့ဝင်သုံးဦးကို စွဲချက်တင်

ဆမ်မာရာ(အီရတ်) ဇူလိုင် ၃

အသက် (၁၉) နှစ်အရွယ်ရှိ အီရတ်လူငယ်ကလေး တစ်ဦးမှာ တိုက်ကရစ်မြစ်ကူးရာတွင် ပြိုင်စံရှားသူ တစ်ယောက်ဖြစ်ခဲ့သည်။ ယင်းလူငယ်မှာ ဖီဒယ်ဟတ်ဆွန်ဖြစ်ပြီး ရေကူးရင်း ရေနစ်နေ၍ ညီအစ်ကို တော်သူတစ်ဦးအား အော်ဟစ်အကူ အညီတောင်းရသည်။ ထို့နောက် ဝမ်းကွဲညီအစ်ကိုတော်သူက ကယ်တင်လိုက်ရသည်။

ကြည့်ရှု

ဖီဒယ်ဟတ်ဆွန်က ၎င်းရေနစ်နေစဉ်တွင် အမေရိကန် တပ်ဖွဲ့ဝင်များ၏ ရယ်မောနေသံကို ကြားရကြောင်း၊ အမေရိကန်တပ်ဖွဲ့ဝင်များက ၎င်းအားမြစ်ထဲသို့ တွန်းချပြီး ရယ်စရာအဖြစ် ကြည့်ရှုနေကြောင်း ပြန်ပြောင်းပြောကြားနေသည်။

ယခုအခါ ဖို့တ်ကာဆွန်အခြေစိုက်စခန်းသို့ ပြန်ရောက်နေပြီဖြစ်သည့် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးအား အီရတ်အကျဉ်းသားတစ်ဦးကို ရေနစ်အောင်ပြုလုပ်မှုကြောင့် လူသတ်ရန်ကျူးလွန်မှုဖြင့် စွဲချက်တင်ထားကြောင်း အမေရိကန် စစ်ဘက်က ပြောကြားခဲ့သည်။

စွဲချက်တင်

စတုတ္ထမြောက် တပ်ဖွဲ့ဝင်တစ်ဦးမှာ အီရတ် အကျဉ်းသား နောက်တစ်ဦးအား ရေထဲတွန်းချမှုဖြင့် စွဲချက်တင်ထားသည်။ ယင်းအကျဉ်းသားမှာ မသေဘဲ လွတ်မြောက်သွားခဲ့သည်။

ရေထဲတွန်းချခံရသူမှာ ဖေဒယ်နှင့် ဖာဒီတို့ဖြစ်ကြောင်း စစ်ဘက်က ထုတ်ဖော်ပြောကြားသည်။

ယင်းတပ်ဖွဲ့ဝင်လေးဦးမှာ အပြစ်ဒဏ်စီရင်ခံရပါက ထောင်ဒဏ်ငါးနှစ်ခွဲမှ ၂၆ နှစ်ခွဲ အထိ ကျနိုင်သည်။

အီရတ်စစ်ပွဲ စတင်ဖြစ်ပွားကတည်းက အီရတ် အရပ်သူ အရပ်သားထောင်ချီ၍ အသက်ဆုံးရှုံးခဲ့ကြရပြီးဖြစ်သည်။ အချို့သောသူများမှာ အမေရိကန်ဦးဆောင်သည့် လေကြောင်းနှင့် စစ်မြေပြင် စစ်ဆင်ရေးတို့တွင် သေဆုံးခဲ့ရခြင်းဖြစ်သည်။ ဘဂ္ဂဒက်ကျဆုံးပြီး ၁၅ လတာအတွင်း ဗုံးကြဲတိုက်ခိုက်မှုများနှင့် တွန်းလှန်တိုက်ခိုက်သူများနှင့် အမေရိကန် တပ်ဖွဲ့ဝင်များ အပြန်အလှန် ပစ်ခတ်ကြရင်း ကြားညှပ်သေဆုံးခဲ့ကြရသည်။

နက်ရှိုင်းအမြစ်တွယ်

ယင်းသို့သော သေဆုံးမှုများကို အီရတ် ပြည်သူလူထုက အမေရိကန်စစ်ဘက်၏ နိုင့်ထက်စီးနင်းလုပ်ခဲ့မှုများကြောင့်ဟု ကောက်ချက်ချသည်။ သေဆုံးသူများမှာ ဆွေမျိုးသားချင်းများ၊ မိတ်ဆွေအပေါင်းအသင်းများနှင့် အိမ်နီးချင်းများ ဖြစ်နေသောအခါ မကျေမချမ်းမှုများ ပိုမိုနက်ရှိုင်းစွာ အမြစ်တွယ်လာခဲ့သည်။

အင်တာနက်။

ကားဗုံးပေါက်ကွဲ

ဇူလိုင် ၆ ရက်က အီရတ်နိုင်ငံ ခါလစ်မြို့တွင် ကားဗုံးပေါက်ကွဲပြီးနောက် ယာဉ်တစ်စီး၏ အပျက်အစီးများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကန်မရိန်းတပ်ဖွဲ့ဝင် အီရတ်တွင် သေဆုံး

ဝါရှင်တန် ဇူလိုင် ၇

အမေရိကန်ပြည်ထောင်စု အော်ရီဂွန်ပြည်နယ်မှ မရိန်းတပ်ဖွဲ့ဝင်တစ်ဦး အီရတ်နိုင်ငံတွင် သေဆုံးခဲ့ရသည်။

ယင်းတပ်ဖွဲ့ဝင်သည် အသက် ၂၂ နှစ်ရှိ ဒုတိယတပ်ကြပ် ဂျိမ်းစ်ဟတ်စတန်ဖြစ်ပြီး ယူမေတီလာဒေသမှဖြစ်ကြောင်း ကာကွယ်ရေးဌာနက ထုတ်ဖော်ပြောကြားသည်။ အီရတ် စစ်ဆင်ရေး တာဝန်ဝတ္တရားဆောင်ရွက်နေစဉ် ၎င်းသေဆုံးသွားခဲ့ခြင်းဖြစ်သည်။

သေဆုံး

ဟတ်စတန်၏တပ်ဖွဲ့က အီရတ်နိုင်ငံ အယ်လ်အန်ဘာပြည်နယ်အတွင်း တိုက်ခိုက်ခံရမှုအား တုံ့ပြန်တိုက်ခိုက်နေစဉ် မော်တော်ယာဉ် မတော်တဆဖြစ်မှုကြောင့် ဇူလိုင် ၂ ရက်က သေဆုံးခဲ့ခြင်းဖြစ်သည်။

တင်နက်ဆီပြည်နယ် မီလင်တန်ဒေသမှ အသက် ၂၁ နှစ်ရှိသူ ဒုတိယတပ်ကြပ် တင်မိုသီကရီဂျာသည်လည်း သေဆုံးသွားခဲ့သည်။

တင်မိုသီကရီဂျာသည်လည်း အီရတ်နိုင်ငံ အယ်လ်အန်ဘာပြည်နယ်တွင် တိုက်ခိုက်မှုကြောင့် ဇူလိုင် ၁ ရက်က သေဆုံးသွားခဲ့ခြင်းဖြစ်သည်။

အင်တာနက်။

နိုင်ငံခြား သတင်းများ

နိုင်ငံအားလုံး၏အချုပ်အခြာအာဏာကို လေးစားရန်လိုအပ်ကြောင်း ဘာဒါဝီပြောကြား

ကွာလာလမ်ပူ ဇူလိုင် ၇

နိုင်ငံတကာစနစ်ကို ဖန်တီးဖော်ဆောင်ထားသည့် နိုင်ငံအားလုံး၏ အချုပ်အခြာအာဏာကို လေးစားမှုသည် အရေးပါသောလိုအပ်ချက်ဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ် အာမက် ဘာဒါဝီက အင်္ဂါနေ့တွင် ပြောကြားသည်။ ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးအတွက် ကမ္ဘာတစ်ဝန်းအတိုင်းအတာဖြင့် တာဝန်ယူဆောင်ရွက်မှုသည်သာလျှင် နိုင်ငံတကာစနစ် ပျက်စီးမည့်အရေးကို ပြောင်းလဲပစ်နိုင်သည့် နည်းလမ်းဖြစ်သည်ဟု မလေးရှားက ယုံကြည်ထားကြောင်း ဝန်ကြီးချုပ် ဘာဒါဝီက ပူထရာဂျာယာတွင် ကျင်းပသည့် မလေးရှားမစ်ရှင်အကြီးအကဲများ ညီလာခံဖွင့်ပွဲတွင် မိန့်ခွန်းပြောကြားရာ၌ ထည့်သွင်းပြောကြားခြင်းဖြစ်သည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးထိန်းသိမ်းရန်အတွက် အမေရိကန်က လုပ်ပိုင်ခွင့်ပေးရန် လိုအပ်သလို နိုင်ငံအားလုံး၏ နယ်မြေ တည်တံ့ရေးနှင့် အချုပ်အခြာအာဏာ ရရှိစေရန်အတွက် ယုံကြည်လောက်သည့် အာမခံသူဖြစ်လာစေရန် လိုအပ်ကြောင်း ဝန်ကြီးချုပ်ဘာဒါဝီက ဆက်လက်ပြောကြားသည်။

ပြဿ

အီရတ်နိုင်ငံတွင် ဖြစ်ပျက်နေမှုသည် အမျိုးသား အချုပ်အခြာအာဏာ ထာဝရတည်မြဲမှုအပေါ် ကမ္ဘာ့ပြည်သူလူထုက ယုံကြည်မှု ပျက်သုဉ်းနေသည်ကို ထုတ်ဖော်ပြသနေခြင်းဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အီရတ်နိုင်ငံနှင့် ပတ်သက်သည့် ဖြစ်ရပ်များသည် နိုင်ငံပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးမူဝါဒအပေါ် တစ်ဖက်သတ် ဆောင်ရွက်ရေးမူဝါဒက လွှမ်းမိုးသွားသည့် အရိပ်လက္ခဏာ ဖြစ်နေကြောင်း၊ နိုင်ငံတကာစနစ် ဆက်လက်သက်ဆိုးရှည်စေရေးအတွက် မိမိတို့အနေဖြင့် ညှိနှိုင်းဆွေးနွေး ပြေလည်စေရန် စေ့စပ်ရေးနည်းလမ်းဖြင့် ကျိုးကြောင်း လျော်ညီစွာ စဉ်းစားရေးကို တိုးမြှင့်ရန် လိုအပ်ကြောင်း ဘာဒါဝီက ပြောကြားသွားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဇူလိုင် ၆ ရက်က အီရတ်နိုင်ငံ ခါလစ်မြို့တွင် ကားဗုံးပေါက်ကွဲပြီးနောက် ဒဏ်ရာရရှိသူတစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကန်တပ်ဖွဲ့ ရဟတ်ယာဉ်တစ်စီး အီရတ်တွင် တိုက်ခိုက်ခံရ

ဘဂ္ဂဒက် ဇူလိုင် ၇

ပြောက်ကျားများက လေယာဉ်ပစ်အမြောက်များ၊ ဒုံးပစ်လောင်ချာများနှင့် လက်နက်ငယ်များ သုံးစွဲ၍ အမေရိကန်တပ်ဖွဲ့၏ ဆေးဘက်ဆိုင်ရာ ရဟတ်ယာဉ်တစ်စင်းကို တနင်္လာနေ့ကတိုက်ခိုက်ရာ လေယာဉ်မောင်းတစ်ဦးနှင့် တွဲဖက်လေယာဉ်မောင်းတစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိသွားကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဘဂ္ဂဒက်အနောက်ပိုင်းရှိ ဖော်လူဂျာဒေသသို့ ပျံသန်းလာသည့် အဆိုပါ ရဟတ်ယာဉ်သည် ခွဲစိတ်ကုသရန် အရေးတကြီးလိုအပ်နေသည့် လူနာတစ်ဦးကို သယ်ဆောင်လာခြင်းဖြစ်သည်။

အဆိုပါ ရဟတ်ယာဉ်သည် ဘေးကင်းရာ အခြားဒေသတစ်ခုသို့ ပျံသန်းသွားနိုင်ခဲ့ပြီး ခရီးသည်များကို အခြားသော ဆေးဘက်ဆိုင်ရာ ရဟတ်ယာဉ်တစ်စင်းသို့ လွှဲပြောင်းပေးခဲ့ကာ ဆေးရုံသို့ ပျံသန်းသွားခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဆွန်နီ ပြောက်ကျားများလက်မှ အီရတ် လုံခြုံရေးတပ်ဖွဲ့က ထိန်းချုပ်ရေး တာဝန်ယူရန် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ အမေရိကန် မရိန်းတပ်ဖွဲ့က ဖော်လူဂျာမြို့မှ လွန်ခဲ့သည့် လတွင် ရုပ်သိမ်းခဲ့သည်။

အမ်အင်အင်၊ရိုက်တာ။

နော်ဝေတွင် အီရတ်စစ်ပွဲဆန့်ကျင်ရေးသဘောထားများကြောင့် အီရတ်ရောက် နော်ဝေတပ်ဖွဲ့ဝင်များ စိတ်ဓာတ်ကျ

အော့စလို ဇူလိုင် ၇

အီရတ်နိုင်ငံတွင် နော်ဝေတပ်ဖွဲ့များတည်ရှိမှုကို နော်ဝေနိုင်ငံအတွင်း ဆန့်ကျင်ကန့်ကွက်မှုများကြောင့် မိမိ၏တပ်ဖွဲ့ဝင်များ ဝမ်းနည်းမှုဖြစ်ကြရကြောင်း အီရတ်ရှိ နော်ဝေတပ်ဖွဲ့အကြီးအကဲ ဗိုလ်မှူးကြီး တာဟယ်ဂျ်ဗိုယန်က တနင်္လာနေ့တွင် ပြောကြားသည်။

အငြင်းပွားမှုဖြစ်ပေါ်

နော်ဝေနိုင်ငံက အီရတ်သို့ တပ်ဖွဲ့များ စေလွှတ်ခြင်းနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် အငြင်းပွားမှု ဖြစ်ပေါ်နေခြင်းသည် တပ်ဖွဲ့ဝင်များ၏ စိတ်အားတက်ကြွမှုကို ထိခိုက်စေခဲ့ကြောင်း ဗိုယန်က ပြောကြားသည်။

အီရတ်နိုင်ငံသို့ နော်ဝေတပ်ဖွဲ့များ စေလွှတ်ရန် အစိုးရ၏ ဆုံးဖြတ်ချက်ကို ပါလီမန်က ထောက်ခံခဲ့သော်လည်း အီရတ်သို့တပ်ဖွဲ့စေလွှတ်သည့် မစ်ရှင်လုပ်ငန်းသက်တမ်းမှာပြီးဆုံးပြီဖြစ်ရာ တနင်္လာနေ့မှစ၍ အီရတ်ရောက် နော်ဝေတပ်ဖွဲ့ဝင်များအနက် တပ်ဖွဲ့ဝင် ၁၃၀ သည် ဌာနေပြန်တော့မည်ဖြစ်သည်။

အင်တာနက်။

အီရတ်နိုင်ငံတွင် ကန်မရိန်းတပ်ဖွဲ့ဝင်သုံးဦး သေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၇

အမေရိကန်မရိန်းတပ်ဖွဲ့ဝင်နှစ်ဦး တိုက်ခိုက်မှုခံရသောကြောင့် သေဆုံးသွားပြီး၊ အခြားအဖွဲ့ဝင်တစ်ဦးမှာ ပြည်နယ်တစ်ခု၌ စစ်ဆင်ရေးပြုလုပ်ခဲ့စဉ်အတွင်း ရရှိခဲ့သည့်ဒဏ်ရာဖြင့် သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

အမှတ်(၁) ပြည်ပမရိန်းတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်နှစ်ဦး တိုက်ခိုက်မှုကြောင့် သေဆုံးပြီး အခြားတစ်ဦးမှာ အန်ဘာပြည်နယ်တွင် လုံခြုံရေးနှင့် တည်ငြိမ်ရေးဆိုင်ရာ လှုပ်ရှားမှုပြုလုပ်နေစဉ် တိုက်ခိုက်မှုခံရ၍ တနင်္လာနေ့က ရရှိခဲ့သော ဒဏ်ရာဖြင့် သေဆုံးခဲ့ကြောင်း စစ်ဘက်ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ရက်သတ္တပတ်ကျော် ကာလအတွင်း မရိန်းတပ်ဖွဲ့ဝင် ၁၀ ဦး အန်ဘာပြည်နယ်နှင့် အခြားသော စစ်ဆင်ရေး လှုပ်ရှားမှုအတွင်း သေဆုံးခဲ့ရသည်။

ယင်းအန်ဘာပြည်နယ်တွင် အယ်လ်ခိုင်ဒါ အကြမ်းဖက်ကွန်ရက်နှင့် ဆက်စပ်မှုရှိသည်ဟု အမေရိကန်က သင်္ကာမကင်းသည့် အယ်လ်ဇာကာဝီနှင့် ၎င်းအားထောက်ခံသူများ လှုပ်ရှားနေသည့် ပြည်နယ်ဖြစ်သည်။

ဗုံးကြဲ

အမေရိကန်ဦးဆောင်သည့်စစ်ဘက်ဆိုင်ရာ တပ်ဖွဲ့များက ဖော်လူဂျာမြို့တွင်းရှိ အယ်လ်ဇာကာဝီ ပုန်းအောင်းရာ နေရာများအား အကြိမ်ကြိမ် လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

ပါဝင်

တနင်္လာနေ့တွင် အမေရိကန် စစ်လေယာဉ်များက ဗုံးခြောက်လုံးကြဲချ တိုက်ခိုက်ခဲ့ကြောင်း၊ ယင်းကြောင့် လူ ၁၂ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဆေးရုံနှင့် စစ်ဘက်ဆိုင်ရာ သတင်းရပ်ကွက်က ပြောကြားသည်။ ယခင်ကလည်း ဇာကာဝီ အသုံးပြုနေကျ အိမ်တစ်အိမ်အား ပစ်မှတ်ထားကာ လေကြောင်းမှ အမေရိကန်စစ်ဘက်က တိုက်ခိုက်ခဲ့ကြသေးသည်။ ဝန်ကြီးချုပ်အလာဝီက ယင်းတိုက်ခိုက်မှုတွင် အီရတ်တပ်ဖွဲ့များ ပါဝင်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

သတင်းပေးခဲ့

အီရတ်အစိုးရ တာဝန်ရှိပုဂ္ဂိုလ်များနှင့် နိုင်ငံစုံတပ်ဖွဲ့များ ညှိနှိုင်းဆွေးနွေးပြီးနောက် အီရတ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖော်လူဂျာရှိ ဇာကာဝီ၏ အိမ်အား တိကျစွာ တိုက်ခိုက်နိုင်ရေးအတွက် သတင်းအတိအကျပေးခဲ့ကြောင်း ယင်းကြေညာချက်တွင် ပါရှိသည်။

အင်တာနက်။

ကားဗုံးပေါက်ကွဲ

အီရတ်နိုင်ငံ ခါလစ်မြို့တွင် ကားဗုံးပေါက်ကွဲရာနေရာအနီးမှ မောင်းနှင်သွားသည့် အမေရိကန် စစ်ယာဉ်တစ်စင်းကို ဇူလိုင် ၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်မှ ဗြိတိသျှတပ်များရုပ်သိမ်းရန် ဗြိတိန်ပြည်သူ ထက်ဝက်ကျော်က လိုလား

လန်ဒန် ဇူလိုင် ၇

အီရတ်ရှိ ဗြိတိသျှတပ်ဖွဲ့များအပေါ် ဗြိတိန်လူထုသဘောထား မည်သို့ရှိသည်ဆိုသော ဆန်းစစ်လေ့လာမှုတစ်ခုကို ပြီးခဲ့သော အင်္ဂါနေ့က ထုတ်ပြန်ခဲ့သည်။ ထိုထုတ်ပြန်ချက်တွင် ဗြိတိန်ပြည်သူလူထု ထက်ဝက်ကျော်က ဗြိတိသျှတပ်ဖွဲ့ဝင်များကို အီရတ်မှ ပြန်လည်ရုပ်သိမ်းစေလိုသော ဆန္ဒရှိသည်ကို ဖော်ပြကြသည်။

ပြန်လည်ရုပ်သိမ်းစေလိုသော သဘောထားရှိသူ အရေအတွက်က ဆန့်ကျင်သော သဘောထားရှိသူ အရေအတွက်ထက်၉ ရာခိုင်နှုန်း ပိုမိုများပြားကြောင်း တွေ့ရသည်ဟုဆိုသည်။ ဆန့်ကျင်သောသဘောထားရှိသူများမှာ အီရတ်၌ တည်ငြိမ်သော ဒီမိုကရေစီအခြေအနေတစ်ရပ် ဖန်တီးနိုင်မှသာ မိမိတပ်ဖွဲ့များ ပြန်လည်ခေါ်ယူစေလိုကြောင်း ဆန္ဒရှိကြသည်ကို ဖော်ပြကြသည်။

အထက်ဖော်ပြပါ လူထုသဘောထား ဆန်းစစ်ချက်ကို ဆောင်ရွက်ခဲ့သော သတင်းစာမှာ တိုင်းမ်သတင်းစာဖြစ်သည်။ သဘောထားပေးသူ ၅၁ ရာခိုင်နှုန်းတို့က အီရတ်ရောက် ဗြိတိသျှတပ်ဖွဲ့များအား ချက်ချင်းပြန်ရုပ်သင့်ကြောင်း ဆန္ဒပြုကြသည်။ ၄၂ ရာခိုင်နှုန်းသော သဘောထားပေးသူများကမူ ဗြိတိန်တပ်ဖွဲ့ဝင်များ လိုအပ်သလောက်အချိန်အထိ ချထားသင့်ကြောင်း ဖော်ပြခဲ့ကြသည်ဟု ဆိုသည်။

ထက်ဝက်ကျော်သော ဗြိတိန်လူထုအများစုသည် အမေရိကန်က ဦးဆောင်ဆင်နွှဲသော အီရတ်စစ်ပွဲသည် မှန်ကန်မှုမရှိသော မှားယွင်းသည့်လုပ်ရပ်ဖြစ်သည်ဟု ရှုမြင်ကြသည်။ ၄၀ ရာခိုင်နှုန်းထက်နည်းသော ဗြိတိန်လူထုကသာ အီရတ်စစ်ပွဲကို မှန်ကန်သောလုပ်ရပ်အဖြစ် သဘောထားကြသည်ဟု ဆိုသည်။

ယခုပြုလုပ်သော လူထုသဘောထားလေ့လာချက်ကို အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့များက အီရတ်ကြားဖြတ်အစိုးရလက်သို့ ကန့်သတ်ချက်များပါသော အာဏာလွှဲပြောင်းပေးပြီးနောက်ပိုင်းတွင်မှ ပြုလုပ်ခဲ့ခြင်းဖြစ်၏။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတော်ကို တစ်ခေတ်ပြောင်းနေသော သမိုင်းမော်ကွန်း(၂)

အောင်မိုးခံ

မြန်မာနိုင်ငံဟာ ကမ္ဘာ့မိသားစုဝင်နိုင်ငံဖြစ်တဲ့အတွက် ကမ္ဘာ့ခေတ်ရေစီးကြောင်းနဲ့ ဆက်စပ်ပြောင်းလဲလာတာ ဖြစ်ပါတယ်။ ကမ္ဘာမှာ ဗဟိုက ချုပ်ကိုင်တဲ့ ဆိုရှယ်လစ်စနစ်တွေ ကျဆုံးသွားသလို မြန်မာနိုင်ငံမှာလည်း ဗဟိုက ချုပ်ကိုင်တဲ့ ဆိုရှယ်လစ်စနစ် ကျဆုံးသွားခဲ့ပါတယ်။ တစ်ကမ္ဘာလုံးလိုလို ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီကို ဦးတည်ပြောင်းလဲလာတဲ့အတွက် မြန်မာနိုင်ငံဟာလည်း အလားတူပင် ပြောင်းလဲလာခဲ့ပါတယ်။ အခုလို ပြောင်းလဲရာတွင် နိုင်ငံအသီးသီးတို့က ကိုယ့်နည်းကိုယ့်ဟန်နဲ့ ပြောင်းလဲကြပါတယ်။ မတူညီတဲ့ သမိုင်းကြောင်းနဲ့ လူမှုဘဝတွေအပေါ်အခြေခံပြီး ပြောင်းလဲကြတာဖြစ်ပါတယ်။ အရှေ့ဥရောပ ဆိုရှယ်လစ်နိုင်ငံဟောင်းများ ပြောင်းလဲမှုနဲ့ အာရှက တရုတ်ပြည် ပြောင်းလဲမှုဟာလည်း လွန်စွာပင် ကွဲပြားခြားနားပါတယ်။ အခုလို ခေတ်စနစ်ပြောင်းလဲရာတွင် အပေါင်းချုပ်ငြိမ်းပြီး အသစ်ဖွားမြင်ရတဲ့ ဝေဒနာကို ကြုံတွေ့ရမြဲဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံ့ခေါင်းဆောင်တွေအဖို့ ဝေဒနာပြွမ်းတီးမှု အနည်းဆုံးသော လမ်းကို ရွေးချယ်ကြရတာဖြစ်ပါတယ်။ ဒါမှသာ ဆိုးကျိုးတွေ ကင်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်ကို မနေ့အမြန် ချီတက်နိုင်မယ်ဖြစ်ပါတယ်။

ဒီကနေ့ မြန်မာ့လူ့အဖွဲ့အစည်းဟာ ထူးခြားတဲ့ အကွေ့အလှည့်တစ်ခုကို ရောက်ရှိနေတာဖြစ်ပါတယ်။ ရှေ့ဆက်သွားရမယ့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်နေချိန်ဖြစ်ပါတယ်။ အခုလို တစ်မျိုးသားလုံးအတွက် သေရေးရှင်ရေးသမျှ အရေးကြီးလှတဲ့ ကာလမျိုးမှာ တစ်မျိုးသားလုံး စည်းလုံးညီညွတ်ဖို့ လိုပါတယ်။ စိတ်ဝမ်းမကွဲကြဖို့ လိုပါတယ်။ ပြည်ပသွေးခွဲမှုတွေကို နားမယောင်ဖို့ လိုပါတယ်။ တလောက အမျိုးသား ညီလာခံကိုယ်စားလှယ်ကြီးများကို ဖျော်ဖြေတဲ့ မြဝတီအငြိမ့်အစီအစဉ် တီဗွီမှာ လာသွားပါတယ်။ ဒီထဲမှာ လူရွှင်တော်တစ်ဦးဆိုခဲ့တဲ့ သဖြန်မှာ "ညီစေနော် ဒီမော်ကွန်းမှာလ" ဆိုတဲ့စာသားလေးဟာ ဒီကနေ့အလွန်ပင် မှတ်ယူစရာ ဖြစ်ပါတယ်။

ဒီမော်ကွန်းမှာ ပြည်ထောင်စုဖွား တိုင်းရင်းသားတွေ တညီတညွတ်တည်း ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်သွားကြပါစို့လို့ ဆိုလိုခြင်းဖြစ်ပါတယ်။

လူ့အဖွဲ့အစည်းတစ်ရပ်အဖို့ ကြုံတွေ့နေရတဲ့ အခက်အခဲ အကျပ်အတည်းများကို ဥပဒေပြဋ္ဌာန်းပေးလိုက်ရုံနဲ့ မကျော်လွှားနိုင်ပါ။ မဆင်မခြင် စွန့်စားခုန်ပျံကျော်လွှားမှုတွေနဲ့လည်း မလွန်မြောက်နိုင်ပါ။ မှန်တဲ့ လူ့သမိုင်းဖြစ်ပေါ် တိုးတက်ရေး တရားတွေကို ရှာဖွေတွေ့ရှိပြီး လမ်းကြောင်းမှန်ပေါ်မှာ လျှောက်လှမ်းမှသာ အသစ်ဖွားမြင်ရတဲ့ ဝေဒနာတွေကို လျော့ပါးသက်သာစေပါလိမ့်မယ်လို့ ခေတ်သစ်သိပ္ပံနိုင်ငံရေးဘောဂဗေဒတရားက ဆိုပါတယ်။

ဒီလူမှုသိပ္ပံတရားနဲ့အညီ အခုလို ဒီမိုကရေစီနိုင်ငံတော်ကို ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ထူထောင်နေချိန်တွင် ဘာကြောင့် အမျိုးသားအင်အားစုအားလုံး စည်းလုံးညီညွတ်စွာ မဆောင်ရွက်နိုင်ပါသလဲ။ ဘာကြောင့် အမျိုးသားအင်အားစုချင်း အပြန်အလှန်သည်းခံခွင့်လွှတ်ပြီး သင့်မြတ်စည်းလုံးရေးကို မကြိုးပမ်းနိုင်ပါသလဲ။ ဘာကြောင့် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တစ်အူထုံ့ဆင်း တိုင်းရင်းသားချင်း စိတ်ဝမ်းကွဲပြားမှုတွေဟာ ဘယ်လိုမှ အကျိုးမရှိဘူးဆိုတာတွေကို မဆင်ခြင်နိုင်ပါသလဲ။ ဘာကြောင့် အမျိုးသားညီလာခံကြီးတွင် အမျိုးသားရေးကံကြမ္မာကို ငြိမ်းချမ်းစွာ တစ်စိတ်တစ်ဝမ်းတည်း လက်တွဲကြိုးပမ်းမသွားနိုင်ပါသလဲဆိုတဲ့ အဖြေတွေကို ဆန်းစစ်ရင်း ယထာဘူတအမြင်နဲ့ စိတ်ကူးယဉ်အမြင်တို့ရဲ့ ခြားနားမှုကို အရှင်နန္ဒာဝံသ(မဟာဝိဇ္ဇာ) ရေးတဲ့ သိပ္ပံဒဿန မြတ်ဗုဒ္ဓစာအုပ်မှာ "သစ္စာတရားကို ရှာဖွေခြင်း" ခေါင်းစဉ်နဲ့ အခုလို ဆင်ခြင်ဖွယ် ဖတ်ခဲ့ရပါတယ်။

သစ္စာတရားဆိုသည်မှာ ဖြစ်ရပ်အမှန်ကို အမှန်အတိုင်း သိသောဉာဏ်ဖြင့် ဟုတ်တိုင်းမှန်စွာ သိမြင်ခြင်းဖြစ်သည်။ အမှန်ဖြစ်ရပ်များကို ဖြစ်ရပ်မှန်အတိုင်း မသိမူ၍ လွဲမှားစွာ သိမြင်ခြင်းသည် မှန်ကန်သော အသိမဟုတ်၊ လွဲမှားသော အသိပင်ဖြစ်သည်။ ထို့ကြောင့် လူတို့၌ လွဲမှားသောအသိနှင့် မှန်ကန်သောအသိဟူ၍ နှစ်မျိုးနှစ်စား ခွဲခြားနားလည်နိုင်ပေရာ ဤနေရာတွင် စာဖတ်သူတို့ကို အမှန်တရား ရှာဖွေနည်းပညာရပ်အကြောင်းကို သိစေမည်ဖြစ်ပါသည်။ လွဲမှားသောအသိသည် ဖြစ်ရပ်အမှန်ကို အမှန်အတိုင်း မသိရှိဘဲ မိမိ၏ အတ္တနောမတိ စိတ်ဆန္ဒ အလိုရမ္မက်အတိုင်း သိချင်သလို သိလိုက်သဖြင့် လွဲမှားသွားရခြင်းဖြစ်သည်။ ထို့ကြောင့် ဤနေရာတွင် လွဲမှားသော အသိ၌ လွဲမှားခြင်းအကြောင်းအရင်းမှာ မိမိ တစ်သီးပုဂ္ဂလ အတ္တကမ္ဘာရှုထောင့်မှ ဘက်လိုက် ငဲ့ကွက်မှုကြောင့် ဖြစ်ကြောင်း ဆုံးဖြတ်ချက်ချနိုင်ပါသည်။ အဆိုပါ ဘက်လိုက်ငဲ့ကွက်မှုများ၊ အတ္တဗဟိုပြုမှုများကို သန့်စင်ရှုပယ်နိုင်ပါမှ အရာရာကို လွဲမှားစွာသိစေသော တိမ်သလာမြူအမှေးကို စင်ကြယ်အောင် ရှင်းလင်းဆေးကြောနိုင်ပါလိမ့်မည်။ စိတ်ပိုင်းဆိုင်ရာ လွဲမှားစေသော အတ္တဗဟိုပြု ပုဂ္ဂလိက အစွန်းရောက်လွန်းသော သဘောထားအမြင်များကို စနစ်ကျသော ပညာသားပါသည့် လေ့ကျင့်မှုများဖြင့် သန့်စင်ရှင်းလင်းနိုင်ပေမည်။ အဆိုပါ အညစ်အကြေး ရှင်းလင်းနိုင်စေသော ကျင့်စဉ်ကို ယင်းအညစ်အကြေးတို့ကို အညစ်အကြေးဟု မှန်စွာသိမြင်နားလည်နိုင်ခြင်းဖြင့် တည်ဆောက်ရမည်သာဟု ဆိုလိုပါသည်။

မြန်မာနိုင်ငံဟာ အဲဒီလိုပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒဂိုဏ်းဂဏစွဲတွေကြောင့် လွတ်လပ်ရေးနှင့်အတူ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲပြီး ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခမီးလောင်ကျွမ်းမှုဒဏ်ကို တစ်မျိုးသားလုံး ခံလာခဲ့ရပါတယ်။ ဒီကနေ့လို ရာစုနှစ်ဝက်ကျော်ကာလမှာတော့ ဒီအပေါ် သင်ခန်းစာယူဖို့၊ တစ်မျိုးသားလုံး သင့်မြတ်စည်းလုံးဖို့အချိန်တန်ပြီဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျင်းပဆဲ အမျိုးသားညီလာခံကြီးတွင် ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာရေးအတွက် အခြေခံမူများ ချမှတ်သွားနေတော့မှာဖြစ်ပါတယ်။ ဇွန်လ ၁၈ ရက်နေ့ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့ရဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁၂/၂၀၀၄)တွင် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က

> "အမျိုးသားညီလာခံ အစည်းအဝေးကျင်းပသည်မှာ ပဉ္စမပတ် ကုန်ဆုံးပြီဖြစ်ကြောင်း၊ သီတင်းပတ်များ တစ်ပတ်ပြီးတစ်ပတ် ကုန်ဆုံးလာသည်နှင့်အမျှ အစည်းအဝေး၏ အရှိန်အဟုန်သည် ပိုမိုမြင့်မားပြီး အရေးကြီးသည့်အပိုင်းသို့ ရောက်ရှိလာပြီဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြခဲ့သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့် မူများနှင့် စပ်လျဉ်းပြီး ညီလာခံကိုယ်စားလှယ်များက တစ်ဦးချင်း သော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း မိမိတို့၏ သဘောထားအမြင်များ၊ အကြံပြုချက်များကို အစုအဖွဲ့လိုက် အစည်းအဝေးများတွင် ပွင့်ပွင့်လင်းလင်း ဖတ်ကြား ရှင်းလင်းတင်ပြခဲ့သည်မှာ ရှေ့ဆက်သွားမည့် ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် အားတက်ဖွယ်ရာ အလေ့အကျင့်ကောင်းများ ဖြစ်ပါကြောင်း၊ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အနက် ယခုကျင်းပနေသည့် အမျိုးသားညီလာခံသည် ပထမဆုံး ခြေလှမ်းဖြစ်ပြီး ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက်လည်း အခြေခံ အကျဆုံးဖြစ်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲနိုင်ရန် အခြေခံရမည့် မူများကို ချမှတ်ပေးမည့် ညီလာခံကြီး ဖြစ်ကြောင်း။
>
> "ကိုယ်စားလှယ်အဖွဲ့များထဲတွင် လူထုလူတန်းစား အမျိုးမျိုး၊ တိုင်းရင်းသား အမျိုးမျိုးနှင့် အဖွဲ့အစည်း အမျိုးမျိုးက ပါဝင်ခဲ့ကြသဖြင့် အစည်းအဝေးစတင်စက အမျိုးမျိုးသော ရည်ရွယ်ချက်များ၊ ရည်မှန်းချက်များ၊ ဆန္ဒများဖြင့် တက်ရောက်လာခဲ့ကြခြင်းဖြစ်သော်လည်း ယခု အစည်းအဝေးအချိန်များ ကြာလာသည်နှင့်အမျှ အမျိုးသားညီလာခံကြီး အောင်မြင်ရမည်ဆိုသည့် တူညီသော ရည်မှန်းချက်ဖြင့် အချင်းချင်းတွေ့ဆုံညှိနှိုင်းတိုင်ပင် ဆွေးနွေးပြီး အပြုသဘောဆောင်သည့် အကြံဉာဏ်များ၊ ဆန္ဒများကို တင်ပြလာကြသည်ဖြစ်၍ အလွန်ဝမ်းသာ အားတက်စရာကောင်းကြောင်း။"

ပြောကြားသွားခဲ့ပါတယ်။

ဒါကြောင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ အခုလို ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေး ကူးပြောင်းနေချိန်တွင် အမျိုးသားအင်အားစုအားလုံး တစည်းတလုံးတည်း ပါဝင် ပူးပေါင်းဆောင်ရွက်သွားကြဖို့ ဖြစ်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ဒီမူဝါဒလမ်းစဉ် (၇)ရပ်ဟာ နိုင်ငံတော်ကို တစ်ခေတ်ပြောင်းနေသော သမိုင်းမော်ကွန်းဖြစ်တယ် ဆိုတာကို အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

ဖြိုးခြွေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

သဃ်န်းကျွန်းမြို့နယ်၌ စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၈

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ငါးကျမ်းပြန်(ထားဝယ်) သာသနာ့ရိပ်သာ၌ ဝါဆိုဝါကပ်တော်မူကြမည့် ဩဝါဒါစရိယ ဆရာတော်ကြီးနှင့် နာယကဆရာတော် ဒေါက်တာ အရှင်ဓမ္မပိယသာသနဓဇဓမ္မာစရိယ(Ph.D. Carlifornia Institute) တို့ အမှူးပြုသော သံဃာတော်များအား ဆဋ္ဌမအကြိမ်စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲကို ဇူလိုင် ၂၄ရက် (စနေနေ့) နံနက် ၈နာရီခွဲတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

သင်္ကန်းတစ်စုံလျှင် ငွေကျပ် ၁၅၀၀၊ ဆွမ်း သံဃာတစ်ပါးလျှင် ငွေကျပ် ၅၀၀နှုန်းဖြင့် အကျိုးဆောင်အဖွဲ့ ဖုန်း-၅၇၁၃၁၂နှင့် ဖုန်း-၅၆၂၄၄၁ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းနှင့် ဖိတ်စာမရရှိကြသော ယောဂီဟောင်းများနှင့် ဓမ္မမိတ်ဆွေများအားလည်း ဖိတ်ကြားထားကြောင်း သိရသည်။

(သတင်းစဉ်)

ချစ်လို့လား နှစ်ဖို့လား

* မြန်မာ့ကိစ္စ၊ အဝဝနှင့်
မြန်မာ့အကြောင်း၊ သောင်းပြောင်းထွေလာ
သူဝင်ပါသည်
သူဟာ မြန်မာချစ်လို့လား။

* မြန်မာ့အရေး
ဟိုမေးဒီမေး၊ သူဝင်မေး၍
အရေးတယူ၊ ပြုမူနေတာ
သူဟာ မြန်မာချစ်လို့လား။

* မြန်မာ့လူဘောင်၊ ထွန်းပြောင်ပြည့်ဝ
ဖွံ့ဖြိုးရအောင်၊ ညီနောင်တစ်သိုက်
စိတ်ကြိုက်တိုင်ပင်၊ ကြည်လင်ရွှင်ပျ
ညှိနှိုင်းကြစဉ်၊ သူဝင်ဖောင်းပေး
မေးဖြေပြုလုပ်၊ လွှင့်ထုတ်နေတာ
သူဟာ မြန်မာချစ်လို့လား။

* သူဘယ်သူလဲ။
သူအမြဲပင်၊ ပါဝင်သမျှ
ကိစ္စတိုင်းတွင်၊ အစဉ်ဦးတည်
ရှိခဲ့သည်မှာ၊ ဘယ်အရာလဲ။

* သူဝင်ကာမေး
သူဖောင်းပေးတာ၊ ဘယ်အရာလဲ။

* စိတ်ဖြာခွဲကာ၊ ကြည့်လိုက်ပါက
သူဟာ မြန်မာချစ်လို့လား
သူဟာ မြန်မာနှစ်ဖို့လား
ကွဲပြားအဖြေ တွေ့ပါမည်။ ။

ပျံလွှား

ရွှေမင်းဝံ သာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၈

ဗဟန်းမြို့နယ် အမှတ်(၇၀) သာသနာ့ရိပ်သာလမ်း အလယ်ရွှေဂုံတိုင်ရပ်ကွက်ရှိ ရွှေမင်းဝံသာသနာ့ရိပ်သာ (၂၂)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၆ ခု ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရိပ်သာ မဟာဓမ္မဗိမာန်တော်ကြီး အပေါ်ထပ်တွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များ ကိုယ်တိုင် သင်္ကန်းဆက်ကပ်နိုင်ရန် စီစဉ်ထားကြောင်း ဂေါပကအဖွဲ့နှင့် ပုညသီ အမျိုးသမီး ဝေယျာဝစ္စအဖွဲ့က နှိုးဆော်ထားသည်။

(က-ပ)

မင်းတပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ရေပေးရေးအတွက် ရေပိုက်လိုင်းများကို ဇွန်၃၀ ရက်က ပြင်ဆင်ဆောင်ရွက်နေစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉-၇-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅	၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၂၅	၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၃၀	၆။ မျိုးချစ်တပ်မတော်
၄:၄၀	၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀	၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် -After Twenty Years ပထမနှစ်-အင်္ဂလိပ်စာအထူးပြု**
၅:၃၀	၉။ ပညာခေတ်
၅:၄၅	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ မိုးလေဝသသတင်း
၆:၂၅	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၅။ မြန်မာ့ရှုခင်း
၆:၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မျက်ရည်မိုး (အပိုင်း-၄)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။ အရှင်ဇာနကာဘိဝံသာ၏ထေရုပ္ပတ္တိ "ဇနကစ္ဆဲဖြင့် အောင်ပွဲဆီသို့ မြိုးခြံနေထိုင်ကြိုးစားသည်"
	၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ပြည်သူ့တရားရှင် ရွှေသမက်ဘယ်သူလဲ (အပိုင်း-၂)**
	၂၅။ သင့်အတွက်မနက်ဖြန်
	၂၆။ အပိတ်နှုတ်ဆက်စကား
	၂၇။ ပြီးပါပြီ။

ဖွံ့ဖြိုးတိုးတက် ကျေးလက်လမ်းများ

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် မိုးဖြြ ကျေးရွာ ဂန္ဓမာလမ်းအား ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ပေးခဲ့သည်ကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ-နယ်စပ်/စည်ပင်)

မန္တလေးတိုင်း မြစ်သားမြို့နယ် ပိန္နဲပင်ကျေးရွာတွင် ပန်းလောင်မြစ်ကို ဖြတ်ကျော်တည်ဆောက်ပေးထားသည့် ကျေးလက်တံတားကို တွေ့ရစဉ်။ (ဓာတ်ပုံ-နယ်စပ်/စည်ပင်)

ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေး

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပင်းခါး ကျေးရွာတွင် တည်ဆောက်ပေးထားသည့် ကျေးလက်တံတားကို တွေ့ရစဉ်။

(ဓာတ်ပုံ-နယ်စပ်/စည်ပင်)

၂၀၀၃-၂၀၀၄ ခုနှစ်အတွင်း ကျေးလက်လမ်း ဆောင်ရွက်ပြီးစီးမှု

စဉ်	ပြည်နယ်/တိုင်း	လမ်း(မိုင်/ဖာလုံ)		
		လျာထား	ပြီးစီး	ပြီးစီးမှုရာခိုင်နှုန်း
၁	ကချင်ပြည်နယ်	၄၈/၀	၂၁/၂	၄၄ ရာခိုင်နှုန်း
၂	မန္တလေးတိုင်း	၁၉၈/၄	၃၆၆/၁	၁၈၄ ရာခိုင်နှုန်း
၃	ရှမ်းပြည်နယ် (တောင်ပိုင်း)	၁၆၆/၀	၂၁၀/၄	၁၂၇ ရာခိုင်နှုန်း
၄	ဧရာဝတီတိုင်း	၃၉၇/၀	၂၃၃/၆	၅၉ ရာခိုင်နှုန်း

ကျေးလက်လမ်းများ အဆင့်မြှင့်တင် ဆောင်ရွက်

နိုင်ငံတော်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်လျက်ရှိရာ ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်တွင် လမ်းများ ကတ္တရာခင်းခြင်း၊ ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းများကို ဤသို့ဆောင်ရွက်လျက်ရှိသည်။

(ဓာတ်ပုံ-နယ်စပ်/စည်ပင်)

ဗိုလ်မှူးကြီး အောင်မျိုးမင်း နှင့် တိုင်းမှူးဗိုလ်ချုပ် မောင်မောင်ဆွေတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းပေးလျက်ရှိ

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ဖားကန့်မြို့နယ် ဒွန်ဘန်ကျေးရွာအခြေခံပညာ အလယ်တန်းကျောင်းကို အခြေခံပညာ အထက်တန်းကျောင်း အဖြစ်လည်းကောင်း၊ လဝါးကျေးရွာအခြေခံပညာ မူလတန်းလွန်ကျောင်းကို အခြေခံပညာအလယ်တန်းကျောင်းခွဲအဖြစ် လည်းကောင်း တိုးမြှင့်ပေးနိုင်ရန် ညှိနှိုင်း စီစဉ်ပေးပြီး အမှာစကားပြော ချစ်ကြည်ရင်းနှီးစွာ အတူတကွ လက်တွဲ နေထိုင်လာခဲ့ကြကြောင်း၊ ယင်းသို့ချစ်ကြည်ရင်းနှီးစွာ အတူတကွ လက်တွဲနေထိုင်လာခဲ့သည့် အစဉ်အလာကောင်းကို မိမိတို့ကလည်း လက်ဆင့်ကမ်းသွားရန် လိုကြောင်း၊ တိုင်းရင်းသားညီအစ်ကို အားလုံး ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကာ စည်းလုံးခြင်း သည်အင်အားဆိုသည့်စကားနှင့်အညီ ကိုယ့်ဒေသကိုယ့်မြို့ ကိုယ့်ရွာ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်သွားရန်လိုကြောင်း စသည်ဖြင့် အကျယ်တဝင့်မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ဒွန်ဘန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအတွက်

ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်
ဒို့တာဝန်အရေးသုံးပါးဦးထိပ်ပန်ဆင်ကာ နိုင်ငံတော်၊

○ စာမျက်နှာ ၃ မှ

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းကထူးချွန်ကျောင်းသား၊ ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေကို မြို့နယ်ပညာရေးမှူး ဒေါ်သင်မိုးအေးထံ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် မိုးညှင်း ဒီဂရီကောလိပ်နှင့် စက်မှုလက်မှုသိပ္ပံ (မိုးညှင်း)သို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းမှတစ်ဆင့် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနားခရိုင် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသရှိလုံးတုံကျေးရွာသို့ရောက်ရှိကြရာ ဌာနဆိုင်ရာများနှင့် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များအား လုံးတုံကျေးရွာအခြေခံပညာအထက်တန်းကျောင်းခွဲ ခန်းမ၌ လုံးတုံကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းက ကျေးရွာအုပ်စု၏ တည်နေရာ၊အကျယ်အဝန်း၊ စီးပွားရေး၊လူမှုရေး၊ပညာရေး၊ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်မျိုးမင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦးတို့က အင်းတော်ကြီးဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ဖြည့်ဆည်းဆောင်ရွက်ပေးထားမှု အခြေအနေတို့ကို ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လုံးတုံကျေးရွာအုပ်စုအတွက် လက်ဆောင်ပစ္စည်းများကို ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းသို့ လည်းကောင်း၊ လုံးတုံ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အတွက် ရောင်စုံရုပ်မြင်သံကြားစက်ကို ကျောင်းအုပ်ဆရာကြီး ဦးသန်းထွန်းသို့လည်းကောင်း ပေးအပ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များ စက်မှုလက်မှုသိပ္ပံ(မိုးညှင်း)မှ ဆရာဆရာမများအား တွေ့ဆုံအားပေးစကား ပြောကြားစဉ်။ (ထပဆ)

ထို့နောက် ဗိုလ်ချုပ်ကြီး သူရရွှေမန်းက အမှာစကားပြောကြားရာတွင် ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သော လုံးတုံကျေးရွာအုပ်စုအပါအဝင် အင်းတော်ကြီးဒေသ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာရန်မှာ ဒေသခံပြည်သူများနှင့် ဝန်ထမ်းများက ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို လက်တွဲညီညီ ဆောင်ရွက်သွားရန်နှင့် ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော် စည်းလုံးညီညွတ်စွာဖြင့် ဒေသ ဖွံ့ဖြိုးရေး၊ နိုင်ငံတော်တိုးတက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် တိုက်တွန်းမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကြိုဆို

ယင်းမှတစ်ဆင့် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနားခရိုင် ဖားကန့်မြို့နယ် ဒွန်ဘန်ကျေးရွာသို့ရောက်ရှိကြရာ ဌာနဆိုင်ရာများနှင့် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်အဖွဲ့ဝင်များအား ဒွန်ဘန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ခန်းမ၌ ဖားကန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းဆွေက ဖားကန့်မြို့နယ်၏ စီးပွားရေး၊လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဖားကန့်မြို့နယ် ပညာရေးမှူးဒေါ်ခင်ဝင်းမာက မြို့နယ်၏ပညာရည်မြင့်မားရေးဆိုင်ရာဆောင်ရွက်မှုအခြေအနေကိုရှင်းလင်းတင်ပြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကြားရာတွင် ဖားကန့်မြို့နယ်သည် စီးပွားရေးအခြေခံကောင်းရှိပြီး ဖွံ့ဖြိုးတိုးတက်သည့် ဒေသတစ်ခုဖြစ်သော်လည်း နိုင်ငံတော်အစိုးရက ဤဒေသကို ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်မှန်းချက်ဖြင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအခြေခံများကို ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊

သို့ဖြစ်ရာ ဒေသခံပြည်သူများ အနေဖြင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရောင်စုံ ရုပ်မြင်သံကြားစက်နှင့် ကျောင်းသုံး ဗလာစာအုပ်များကို ကျောင်းအုပ် ဆရာမကြီး ဒေါ်မေမေလတ်အားလည်းကောင်း၊ ဒွန်ဘန်ကျေးရွာအတွက် လက်ဆောင်ပစ္စည်းများကို ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဂန့်ရှိမ်အား လည်းကောင်း ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားခရိုင် တနိုင်းမြို့သို့ ရောက်ရှိကြရာ တနိုင်းတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်နှင့် တပ်မတော် အရာရှိများ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများက ကြိုဆိုကြသည်။

တွေ့ဆုံအမှာစကားပြောကြား

ရှေးဦးစွာ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် တနိုင်းတပ်နယ်ခန်းမ၌ တပ်နယ်မှအရာရှိစစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ အမှာစကားပြောကြားသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် တနိုင်းမြို့ ဟူးကောင်းခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ တနိုင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးနေအောင်က တနိုင်းမြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊လူမှုရေး၊စိုက်ပျိုးမွေးမြူရေး၊ ဒေသဝမ်းစာဖူလုံရေး၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဖွံ့ဖြိုးတိုးတက်

ယင်းနောက် ဗိုလ်ချုပ်ကြီး သူရရွှေမန်းက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော် အစိုးရသည် နယ်စပ်ဒေသများ အရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်လာရေး၊ နယ်စပ်ဒေသနေ ပြည်သူများ၏ လူနေမှုဘဝ ဖူလုံပြည့်စုံရေး ဆောင်ရွက်ပေးနိုင်ရန်ရည်ရွယ်ကာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ ထို့ပြင် ဖွံ့ဖြိုးရေးအထူးဒေသများစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း လုံးတုံကျေးရွာအခြေခံပညာ အထက်တန်းကျောင်း(ခွဲ) အတွက် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်ဆရာကြီးအား ပေးအပ်စဉ်။ (ထပဆ)

ကြီး တည်ဆောက်အံ့ဟူသော ရည်မှန်းချက်အောင်မြင်ရေးအတွက် ကျောင်းသား၊ကျောင်းသူကလေးတိုင်း စိတ်ဓာတ်ကောင်း၍ စည်းကမ်းလိုက်နာတတ်ရန်၊ ခေတ်မီသိပ္ပံနှင့် နည်းပညာများ တတ်ကျွမ်းနားလည်ရန်အတွက် မိဘ၊ဆရာ၊ ကျောင်းသား ပူးပေါင်း ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

တိုင်းရင်းသားညီအစ်ကိုများအနေဖြင့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသော ဒို့တာဝန်အရေး သုံးပါးကို အမြဲဦးထိပ်ပန်ဆင်ကာ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ဖားကန့်မြို့နယ် ဒွန်ဘန်ကျေးရွာအတွက် လက်ဆောင်ပစ္စည်းများကို ဒွန်ဘန်ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအား ပေးအပ်စဉ်။ (ထပဆ)

ကျေးရွာသို့ရောက်ရှိကြရာ ဌာနဆိုင်ရာများနှင့် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်အဖွဲ့ဝင်များအား ဒွန်ဘန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ခန်းမ၌ ဖားကန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းဆွေက ဖားကန့်မြို့နယ်၏ စီးပွားရေး၊လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဖားကန့်မြို့နယ် ပညာရေးမှူးဒေါ်ခင်ဝင်းမာက မြို့နယ်၏ပညာရည်မြင့်မားရေးဆိုင်ရာဆောင်ရွက်မှုအခြေအနေကိုရှင်းလင်းတင်ပြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး

အတူမိမိတို့ဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲ ပူးပေါင်း ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ နိုင်ငံတော်အပိုင်းကလည်း ပံ့ပိုးပေးနိုင်သည်များကို အခါမလတ် ဖြည့်ဆည်း ပံ့ပိုးပေးသွားမှာ ဖြစ်ကြောင်း၊

မိမိတို့နိုင်ငံတွင်ရှေးနှစ်ပေါင်းများစွာကပင် တိုင်းရင်းသားလူမျိုးပေါင်းစုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း ဒွန်ဘန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း အတွက် ရောင်စုံရုပ်မြင်သံကြားစက်နှင့် ကျောင်းသုံးဗလာစာအုပ်များကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်စဉ်။ (ထပဆ)

တွေ့ဆုံမှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်ကြီး သူရရွှေမန်း ဖားကန့်မြို့နယ် ဒွန်ဘန်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း ခန်းမ၌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံ ပြည်သူများအား တွေ့ဆုံမှာကြားစဉ်။

(ထပဆ)

အကောင်အထည်ဖော်နေခြင်းသည် တစ်နိုင်ငံလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက်ခြင်းဖြစ်

န်ဆင်ကာ နိုင်ငံတော်၊ တပ်မတော်၊ ပြည်သူနှင့် ဝန်ထမ်းများ စည်းလုံးညီညွတ်စွာ နိုင်ငံအကျိုး၊ ဒေသအကျိုး ပူးပေါင်းဆောင်ရွက်

ရှင်းလင်းတင်ပြ

အစီအစဉ်အရ တနိုင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဦးနေအောင်က တနိုင်းမြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊လူမှုရေး၊စိုက်ပျိုးမွေးမြူရေး၊ ဒေသဝမ်းစာဖူလုံရေး၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဖွံ့ဖြိုးတိုးတက်

ယင်းနောက် ဗိုလ်ချုပ်ကြီး သူရရွှေမန်းက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော် အစိုးရသည် နယ်စပ်ဒေသများ အရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်လာရေး၊ နယ်စပ်ဒေသနေ ပြည်သူများ၏ လူနေမှုဘဝ ဖူလုံပြည့်စုံရေး ဆောင်ရွက်ပေးနိုင်ရန်ရည်ရွယ်ကာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ ထို့ပြင် ဖွံ့ဖြိုးရေးအထူးဒေသများစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်

ဖော် ဆောင်ရွက်နေခြင်းသည် တစ်နိုင်ငံလုံး မျှမျှတတဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

ဤဒေသသည် ရေမြေသဘာဝ အခြေခံကောင်းမွန်မှုကြောင့် ဒေသဖွံ့ဖြိုးတိုးတက်မှုရှိပြီးဖြစ်သော်လည်း ယခုထက်ပို၍ဖွံ့ဖြိုးတိုးတက်အောင် အားထုတ်ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အေးချမ်းတည်ငြိမ်ရန် လိုအပ်ကြောင်း၊ တပ်မတော်အစိုးရလက်ထက်တွင် စိတ်ရင်းစေတနာမှန်ဖြင့် စိတ်ရှည်သည်းခံဆွေးနွေးညှိနှိုင်းခဲ့သဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၁၇ ဖွဲ့နှင့် အဖွဲ့ခွဲအများအပြားဥပဒေဘောင်အတွင်းဝင်ရောက်ကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို လက်တွဲ ပူးပေါင်းဆောင်ရွက်လာကြသည်ကို ဒေသခံပြည်သူများ အသိပင်ဖြစ်ကြောင်း။

သို့ဖြစ်ရာ ဒေသခံပြည်သူများအားလုံးက ရရှိပြီးသောငြိမ်းချမ်းရေး အသီးအပွင့်များကို ဆက်လက်ခံစားနိုင်ရန် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကာ နိုင်ငံတော်၊တပ်မတော်၊ပြည်သူနှင့်ဝန်ထမ်းအားလုံး စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံအကျိုး၊ဒေသအကျိုး ပူးပေါင်းသွားကြရန် လိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✳

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တနိုင်းချောင်းရေစီးရေလာအခြေအနေနှင့် တနိုင်းချောင်းထိန်းသိမ်းရေးဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။

(ထပဆ)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တနိုင်းမြို့ ဟူးကောင်းခန်းမတွင် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်လာသော ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(ထပဆ)

✻ စာမျက်နှာ ၉ မှ

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် တနိုင်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်နှင့် ကျောင်းသုံး ဗလာစာအုပ်များကို မြို့နယ်ပညာရေးမှူး ဦးဂေါ်လူးနော်ဘောက်နှင့် တနိုင်းမြို့ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဖီးလစ်ဒီဆမ်တို့အား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

တနိုင်းတံတားကြည့်ရှု

ယင်းနောက် ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် အရှည် ၉၄၂ ပေရှိ တနိုင်းတံတားကြံ့ခိုင်မှု အခြေအနေ၊ တနိုင်းချောင်း ရေစီးရေလာအခြေအနေ၊ တနိုင်းချောင်းထိန်းသိမ်းရေးနှင့် မြေသားတမံတည်ဆောက်ရေး အခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ရှဒူဇွတ်ကျေးရွာ

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ဖားကန့်မြို့နယ် ရှဒူဇွတ်ကျေးရွာသို့ ရောက်ရှိပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ကျေးရွာဖွံ့ဖြိုးမှု အခြေအနေများကို မေးမြန်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မြစ်ကြီးနားမြို့သို့

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြရာ ညနေပိုင်းတွင် မြစ်ကြီးနားမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ရုပ်မြင်သံကြားစက်နှင့် ဗလာစာအုပ်ပေးအပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တနိုင်းမြို့ ဟူးကောင်းခန်းမတွင် တနိုင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်နှင့် ကျောင်းသုံး ဗလာစာအုပ်များကို မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာကြီးတို့အား ပေးအပ်စဉ်။

(ထပဆ)

ပြည်နယ်/ တိုင်း ဘတ်စကက်ဘော ပြိုင်ပွဲ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၈

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်သည် ယမန်နေ့ ညနေ ၃နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသော ၂၀၀၄ခုနှစ် (၃၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဖွင့်ပွဲနေ့ ပြိုင်ပွဲများစတင်ကျင်းပရာ အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း)ကို ၈၇မှတ်၊ ၂၀မှတ်ဖြင့် နိုင်ပြီး ပဲခူးတိုင်းက မွန်ပြည်နယ်ကို ၅၉မှတ်၊ ၁၀မှတ်ဖြင့် နိုင်သည်။

အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းက မကွေးတိုင်းကို ၈၃ မှတ်၊ ၄၃မှတ်ဖြင့် နိုင်ကာ ရှမ်းပြည်နယ်(မြောက်ပိုင်း)က ပဲခူးတိုင်းကို ၇၃မှတ်၊ ၆၄မှတ်ဖြင့် နိုင်သည်။

ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ အပ်စုပတ်လည်ပြိုင်ပွဲကို ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပရာ အမျိုးသမီးပြိုင်ပွဲတွင် (က)အုပ်စုမှ ရန်ကုန်တိုင်းက မွန်ပြည်နယ်ကို ၅၆မှတ်၊ ၂၄မှတ်ဖြင့် နိုင်ပြီး (ခ)အုပ်စုမှ စစ်ကိုင်းတိုင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကို ၉၀မှတ်၊ ၂၆မှတ်ဖြင့် နိုင်သည်။

အမျိုးသားပြိုင်ပွဲတွင် (က)အုပ်စုမှ မန္တလေးတိုင်းအသင်းက ကရင်ပြည်နယ်ကို ၈၀မှတ်၊ ၄၄မှတ်ဖြင့် နိုင်ကာ (ခ)အုပ်စုမှ မွန်ပြည်နယ်က ဧရာဝတီတိုင်းကို ၆၅ မှတ်၊ ၅၆ မှတ်ဖြင့် နိုင်သည်။

ယနေ့ပွဲများ

အမျိုးသမီးပွဲ

ပဲခူးနှင့်ရှမ်းပြည်နယ်(မြောက်ပိုင်း)
မန္တလေးနှင့်ရှမ်းပြည်နယ်(တောင်ပိုင်း)

အမျိုးသားပွဲ

မန္တလေးနှင့်စစ်ကိုင်း
တနင်္သာရီနှင့်ပဲခူး။

(ကြေးမုံ)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ကျောက်ထု လေယာဉ် ပြေးလမ်းသစ်တွင် မြန်မာ့လေကြောင်း ဖော်ကာအက်ဖ်-၂၈ လေယာဉ် စမ်းသပ်ဆင်းတက် ပျံသန်းမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(ပို့ဆောင်ရေး)

မကွေးတိုင်းကျောက်ထုလေယာဉ်ကွင်း မကြာမီဖွင့်မည် ဖော်ကာအက်ဖ်-၂၈ လေယာဉ် စမ်းသပ်ဆင်းသက်

ရန်ကုန်   ဇူလိုင်   ၈

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမောင်၊ မြန်မာ့လေကြောင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လှိုင်မိုးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၆ရက် နံနက်ပိုင်းတွင် မြန်မာ့လေကြောင်းပိုင် ဖော်ကာအက်ဖ်-၂၈ လေယာဉ်ဖြင့် မကွေးတိုင်း ကျောက်ထုလေယာဉ်ပြေးလမ်းသို့ စမ်းသပ်ဆင်းသက်ရောက်ရှိပြီး လေယာဉ်ပြေးလမ်းနှင့် လေယာဉ်ရပ်နားနေရာတို့ကို ကြည့်ရှုစစ်ဆေးကာ မြန်မာ့လေကြောင်းဖော်ကာအက်ဖ်-၂၈ လေယာဉ်ဖြင့် ကျောက်ထုလေယာဉ် ပြေးလမ်းသစ်တွင် စမ်းသပ် တက်ဆင်းပျံသန်းမှု Test Landing လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးအား မြန်မာ့လေကြောင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လှိုင်မိုးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များဖြည့်ဆည်းပေးပြီး မြန်မာ့လေကြောင်းလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားသည်။ ကျောက်ထုလေယာဉ်ကွင်းမှာ မကွေးတိုင်း ဆောမြို့နယ် ကျောက်ထုမြို့ တောင်ဘက်တွင်ရှိပြီး ကွန်ကရစ်ခင်းအမျိုးအစား အရှည်ပေ ၁၀၀၀၀နှင့် အကျယ်ပေ ၁၀၀စီမံကိန်းချ ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် အရှည်ပေ ၇၀၀၀ နှင့် အကျယ်ပေ ၁၀၀ ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ ကျောက်ထုလေယာဉ် ပြေးလမ်းကို မကြာမီ ဖွင့်လှစ်မည်ဖြစ်ပြီး မြန်မာ့လေကြောင်း လေယာဉ်များဖြင့် ပုံမှန်ပြည်တွင်းခရီးစဉ်များ ပြေးဆွဲပျံသန်းပေးမည်ဖြစ်သည်။

(သတင်းစဉ်)

ဂျပန်ရိုးရာလက်ဝှေ့အဖွဲ့ ပြိုင်ပွဲဝင်ရန်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၈

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်တို့က ကြီးမှူး၍ T&T Group က တာဝန်ယူကျင်းပမည့် မြန်မာ-ဂျပန် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကို ဇူလိုင် ၁၀ရက်နှင့် ၁၁ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁)(သုဝဏ္ဏ)၌ ကျင်းပမည်ဖြစ်ရာ ယင်းမြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲတွင် ပါဝင် ယှဉ်ပြိုင်ရန်အတွက် Mr. Takuya Takamori ခေါင်းဆောင်သော ဂျပန်ရိုးရာလက်ဝှေ့အဖွဲ့သည် ယနေ့ည ၇နာရီ ၂၅မိနစ်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာသည်။   (သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေ

ရန်ကုန်   ဇူလိုင်   ၈

အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ၊ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ အပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်များကို နေ့စဉ် ည ၇နာရီမှ စတင်၍ မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ယမန်နေ့ညပိုင်းတွင် ဒါရိုက်တာ စင်ရော်မောင်မောင် ရိုက်ကူးပြီး သရုပ်ဆောင်များဖြစ်ကြသည့် ကျော်သူ၊ မေသန်းနု၊ ဝိုင်းနှင့် နွဲ့နွဲ့စန်းတို့ ပါဝင်သရုပ်ဆောင်ထားကြသည့် "တစ်ပြည်သူမရွှေထား" ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေတင်ဆက်သည်။   (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၉-၇-၂၀၀၄ (သောကြာနေ့)

၁၃၆၆ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော်(၈)ရက် (ဥပုသ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင်
- ၈:၀၀ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈:၁၀ ၇။ အကပြိုင်ပွဲ
- ၈:၂၀ ၈။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) နမ့်မွေတံတား
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ English for Everyday Use.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Demonstration Exercises for Correct Pronunciation.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
- ၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၃၀ ၇။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
- ၅:၄၀ ၈။ သင်ပုန်းရေလှောင်တမံ (မန္တလေးတိုင်း)
- ၅:၅၀ ၉။ မြန်မာစာ မြန်မာစကား
- ၆:၀၀ ၁၀။ တေးဂီတအစီအစဉ်
- ၆:၁၀ ၁၁။ Discovery.
- ၆:၂၀ ၁၂။ နှောင်းခေတ်တေးပဒေသာ
- ၆:၃၀ ၁၃။ ညနေခင်းသတင်း
- ၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မိုးနတ်မယ်" (အပိုင်း-၃၈)**
- ၇:၃၀ ၁၆။ အမျိုးသမီးများ အားကစားစွမ်းရည်ပြပွဲ
- ၇:၄၀ ၁၇။ ကျေးလက်ဒေသ တစ်ခွင်အလှဆင်
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **မြန်မာဗီဒီယိုဇာတ်လမ်း ရင်ခုန်ရဲတိုက် (အပိုင်း-၂) (ဒွေး၊ အိန္ဒြာကျော်ဇင်) [ဒါရိုက်တာ-ကိုဇော် (အရဏ်ဦး)]**
- ၂၂။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်**
- ၂၃။ နောက်တစ်နေ့အစီအစဉ်
- ၂၄။ အစီအစဉ်ပြီး၏။

ဇူလိုင် ဒုတိယ (၁၀)ရက်ပတ်
မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

ရန်ကုန် ဇူလိုင် ၈

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

မိုးအခြေအနေများမှာ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ရွာသွန်းမြဲထက်ပိုပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ရွာသွန်းမြဲခန့် ရွာမည်။

မြစ်ရေအခြေအနေများမှာ ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ရှစ်ပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် ညောင်ဦးမြို့တို့တွင် ခုနစ်ပေခန့်နှင့် ချောက်မြို့၊ မင်းဘူး မြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် ခြောက်ပေခန့် လက်ရှိ ရေမှတ်များထက် မြင့်တက်နိုင်သည်။

● **ကျောဖုံးမှ**

စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့် စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီများဖြစ်သည့် ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ ဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ငြိမ်းချမ်းရေး ရယူထားသော အဖွဲ့အစည်းများဖြစ်ကြသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅) (KDA)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၇)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ (KNDP) နဂါးအဖွဲ့၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ခွဲထွက် (ဟိုယာ)၊ ကရင်နီ အမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့(ကမစည)၊ ရှမ်းပြည်နယ်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ)၊ မွန်ပြည်သစ်ပါတီ၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံး (DKBA)၊ ဟောင်သရော အထူးဒေသအဖွဲ့၊ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်သည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ရှမ်းပြည်အမျိုးသားတပ်မတော်၊ ရခိုင်ပြည်နယ် ဦးစောထွန်းဦး ဦးစီးအဖွဲ့၊ ဟိုမိန်းဒေသ သက်သာချောင်ချိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ရွှေပြည်အေး(MTA) အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့(ချောင်ချိဒေသ)၊ မွန်(ခွဲထွက်) နိုင်စိုက်ချမ်းအဖွဲ့နှင့် ရခိုင်တပ်မတော်(အေအေ) အဖွဲ့တို့မှ ညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံ ကျင်းရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းတင်လက်မှတ် ရေးထိုးစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖွဲ့နှင့် တက်ရောက်ကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

လက်မှတ်ရေးထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မစတင်မီ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေး ကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းတင်လက်မှတ် ရေးထိုးကြသည်။

သဘာပတိ

အမျိုးသားညီလာခံစုံညီ အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးထွန်းရင်လောက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒေါ်ခင်နု၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးယောအေးလှ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ(ခ)ဦးလှမြင့်၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမြအေး၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှဒေါက်တာမျိုးသန့်တင်၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာ ဦးသိန်းဦးဘိုးစော၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့မှ ဗိုလ်ချုပ်အောင်သိမ်းနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဦးထွန်းအောင်ချိန်တို့က ဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး(အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၈ ဦးရှိသည့်အနက် ညီလာခံကိုယ်စားလှယ် ၁၀၇၁ ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၄၄ ရှိသဖြင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံစုံညီ အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❐

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ညီလာခံကိုယ်စားလှယ် တရားရုံးချုပ်မှ ဦးဉာဏ်ထွန်း ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကိုညီလာခံကိုယ်စားလှယ်ပြည်ထဲရေးဝန်ကြီးဌာနမှ ဦးဘမြင့် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းတင်လက်မှတ် ရေးထိုးကြစဉ်။ (သတင်းစဉ်)



အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

မှတ်တမ်းတင်ဓာတ်ပုံ

စွမ်းအင်ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော မလေးရှားနိုင်ငံ ပက်ထရိုနပ်စ် ရေနံကုမ္ပဏီက မြန်မာကျောင်းသားခုနစ်ဦးအား မလေးရှားနိုင်ငံ ပက်ထရိုနပ်စ် နည်းပညာတက္ကသိုလ်တွင် ပညာဆည်းပူးရန် ပညာသင်ဆုချီးမြှင့်ပွဲ အခမ်းအနားအပြီး၌ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် အဖွဲ့ဝင်များ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (စွမ်းအင်)

မလေးရှားပညာသင်ဆုချီးမြှင့်ပွဲ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တက်ရောက်

ရန်ကုန် ဇူလိုင် ၈

စွမ်းအင်ဝန်ကြီးဌာနနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသော မလေးရှားနိုင်ငံ ပက်ထရိုနပ်စ် ရေနံကုမ္ပဏီသည် မြန်မာကျောင်းသားခုနစ်ဦးတို့အား မလေးရှားနိုင်ငံ ပက်ထရိုနပ်စ် နည်းပညာတက္ကသိုလ်တွင် ပညာဆည်းပူးရန် ပညာသင်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ပက်ထရိုနပ်စ် ရေနံကုမ္ပဏီမှ Mr. EN. Rahim Ismail တို့တက်ရောက်၍ အမှာစကား ပြောကြားကြသည်။

အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့် စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပက်ထရိုနပ်စ် ဌာနေကိုယ်စားလှယ် Mr. Abu Baker Saleh၊ စွမ်းအင်ဝန်ကြီးဌာနနှင့် ပက်ထရိုနပ်စ်ရေနံကုမ္ပဏီတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ပညာသင်ဆုများကို ကျောင်းသားများအား ချီးမြှင့်သည်။ ပညာသင်ဆုသည် ကျောင်းသားများ၏ ပညာသင်ကြားမှုစရိတ်အဝဝကို ကျခံရန်ပါဝင်ပြီး ကျောင်းသားများအနေဖြင့် ပညာသင်ကာလပြီးဆုံးသည့်အခါ နိုင်ငံတော်အစိုးရ (စွမ်းအင်ဝန်ကြီးဌာန)တွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။ ပက်ထရိုနပ်စ်ရေနံကုမ္ပဏီက ယခု မြန်မာ ကျောင်းသားများအား ပညာသင်ဆုချီးမြှင့်ခြင်းသည် ပထမဦးဆုံး အကြိမ်ဖြစ်သည်။ (သတင်းစဉ်)

မြောင်းမြမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၈

မြောင်းမြမြို့နယ်အသင်း စုပေါင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၅ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီခွဲတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ဘီအိုစီပိဋကတ်တိုက်ကျောင်းတွင် ကျင်းပမည်ဖြစ်သည်။ သင်္ကန်း၊ ဆွမ်းနှင့် အလှူငွေများ လှူဒါန်းလိုသူများသည် ဦးလှဖေ(အတွင်းရေးမှူး) ဖုန်း-၇၀၅၈၅၈၊ ဦးမြတ်ထိုက် (အတွင်းရေးမှူး) ဖုန်း-၇၀၆၄၁၇၊ ဦးဇော်ထွန်း (တွဲဖက်အတွင်းရေးမှူး)ဖုန်း-၇၀၉၁၁၄ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဇူလိုင်၃ရက်က ရန်ကုန်မြို့ တာမွေမြို့နယ် ၁၅၃ လမ်း အမှတ်(၇)နေ ဗိုလ်မှူးကေသန်းထွဋ်(ငြိမ်း)-ဒေါ်အေးအေးမြ၊ သား-ဒေါက်တာနေမျိုးထွဋ်၊ ဦးမျိုးမင်းထွန်း - ဒေါ်သန့်ဇင်ဝေ မိသားစုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်၁၀သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းနှင့် အဖွဲ့ဝင်ဦးတင်မောင်ဝင်းသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကွယ်လွန်သူဦးအောင်သိန်းအား ရည်စူး၍ တိုက်(၁၄၃) အခန်း(၀၀၂) ဟံသာရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ်နေ ကျန်ရစ်သူမိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ဇူလိုင်၃ရက်က ထာဝရနဝကမ္မငွေပဒေသာပင် အတွက် အလှူတော်ငွေကျပ် ၂၃၂၇၅၀လှူဒါန်းရာ ဆေးရုံဒုတိယအုပ်ချုပ်ရေးမှူး ဦးစိုးဝင်း လက်ခံယူစဉ်။ (က-ပ)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဆုချီးမြှင့်ပွဲ မြဝတီ၌ ကျင်းပ

ရန်ကုန် ဇူလိုင် ၈

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို ဇွန် ၂၆ရက် နံနက် ၈နာရီတွင် မြဝတီမြို့ သောင်ရင်းခန်းမ၌ ကျင်းပရာ မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်ဦး၊ ခရိုင်နှင့်မြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူ ၃၀၀ခန့် တက်ရောက်သည်။

အခမ်းအနားတွင် မူးယစ်ဆေးဝါး၏ ဆိုးကျိုးနှင့်ပတ်သက်၍ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်မြင့်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးလှပိုတို့က အကျယ်တဝင့် ရှင်းလင်းပြောကြားကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

အကယ်ဒမီ ငါးဆုရ အိန္ဒိယဇာတ်ကားသစ် ရုံတင်၊ မာန်ရဲ့ဒဏ် ဒီဗီဒီဇာတ်ကား ဆက်လက်ပြသ

ကြေးမုံ ရုပ်ရှင်

ရန်ကုန် ဇူလိုင် ၈

ယခု သောကြာပတ်တွင် မြန်မာဇာတ်ကားသစ်များ ရုံမတင်ဘဲ Koi… Milgaya အမည်ရှိ အိန္ဒိယသိပ္ပံ ဇာတ်ကားသစ် ဘုရင်ရုံကြီးတွင် တင်ဆက်ပြသသည်။

သိပ္ပံပညာရှင်တစ်ဦးက ကွန်ပျူတာမှတစ်ဆင့် အာကာသသို့ ဆက်သွယ်ပုံ၊ ထိုသို့ ဆက်သွယ်ရာမှ အာကာသနှင့် အဆက်အသွယ်ရပြီး မိမိအောင်မြင်မှုအတွက် ဝမ်းသာနေစဉ် ရုတ်တရက်ယာဉ်တိုက်မှုဖြစ်ပြီး သေဆုံးသွားပုံများဖြင့် တန်ဆာဆင်ကာ ၎င်း၏ကလေးက ဂြိုဟ်သားများနှင့် အဆက်ရပြီး အောင်မြင်မှုရရှိပုံများကို သိပ္ပံပညာဆန်းကြယ်မှုများဖြင့် ပေါင်းစပ် ရိုက်ကူးထားသည်။

ထိုဇာတ်ကားမှာ အိန္ဒိယ ပထမဆုံး သိပ္ပံဆန်းကြယ် ဇာတ်ကားဖြစ်၍ အကယ်ဒမီ ငါးဆုရခဲ့သည်။ နာမည်ကျော် သရုပ်ဆောင် ခရော်သစ်ရော်ရှန်နှင့် ပရက်တီဇင်တာတို့ သရုပ်ဆောင်ကြသည်။

ဆက်လက်၍ ပြသဆဲဇာတ်ကားဖြစ်သော ဒါရိုက်တာမောင်မျိုးမင်း ရိုက်ကူး၍ လူမင်း၊ ရာဇာနေဝင်း၊ အိန္ဒြာကျော်ဇင်၊ တင့်တင့်ထွန်းတို့ သရုပ်ဆောင်သည့် **မော်ဝင်ကြိုး** ဇာတ်ကား သမ္မတ၊ သွင်၊ မင်္ဂလာရုံကြီးများတွင် ပြသနေသည်။

ပရိသတ်အကြိုက် အချစ်ဟာသ သရုပ်ဖော် **စတိုင်** ဇာတ်ကားတွင် လွင်မိုး၊ ရာဇာနေဝင်း၊ အိန္ဒြာကျော်ဇင်၊ စိုးမြတ်နန္ဒာတို့ ပါဝင်၍ ရွှေ့ဆောင်၊ နေပြည်တော်နှင့် နဝဒေးရုံများတွင် ပြသနေဆဲရှိသည်။

ယခုအပတ်တွင် ရွှေဂုန်ရုံ၌ Idian In The Cupboard အမည်ရှိ နိုင်ငံခြားအက်ရှင်ဇာတ်ကား ရုံတင်ပြသနေသည်။ ထူးဆန်းသော ဗီရိုကလေးမှအစပြု၍ သက်မဲ့အရာဝတ္ထုကို အသက်သွင်းနိုင်ရာမှ စိတ်ဝင်စားစရာဇာတ်လမ်း ဖြစ်လာပုံကို အံ့မခန်းလှုပ်ရှားမှုများဖြင့် ရိုက်ကူးထားသည်။

မြို့မရုံတွင် Jaanwar အမည်ရှိ အိန္ဒိယအချစ်ဇာတ်ကြမ်းကား ရုံတင်လာသည်။ အရှစ်ကူမား၊ ခရစ်ရှမာကပူးတို့ လှုပ်ရှားပါဝင်ထားကြသည်။

ဆုထူးပန်ရုံတွင် Haseena Maan Jaayegi အမည်ရှိ အိန္ဒိယမေတ္တာဘွဲ့ဇာတ်ကား ပြသနေသည်။ ဆန်ဂျေးဒတ်၊ ကရစ်ရှာမာကပူးတို့၏ အလှအပနှင့် တေးဂီတများ ပေါင်းစပ်ထားသည်။

မြေနီကုန်း ရတနာပုံရုံတွင် အမစ်ခန်နှင့် မနီရှာကွေလာတို့ သရုပ်ဆောင်သည့် Mela အမည်ရှိ အိန္ဒိယအချစ်နှင့် အက်ရှင်ဇာတ်ကား ပြသနေသည်။

ယခုအပတ်တွင် ကျော်ဟိန်း၊ ဒွေး၊ နေအောင်၊ ကျော်သူ၊ နဝရတ်၊ မေကဗျာနှင့် သရုပ်ဆောင်များစွာ ပါဝင်သည့် **မာန်ရဲ့ဒဏ်** အဆင့်မြင့် ဒီဗီဒီဇာတ်ကားမှာ စံပြ၊ သီတာ၊ ရွှေမန်း၊ မြတနာရုံများနှင့် ပြည်နယ်နှင့်တိုင်း ရုံများတွင် ဆက်လက် အောင်ပွဲခံပြသနေသည်။ **(ကြေးမုံ)**

မာန်ရဲ့ဒဏ် အဆင့်မြင့် ဒီဗီဒီ ဇာတ်ကားမှ ဒွေးနှင့် နဝရတ်။

Koi..Milgaya အိန္ဒိယ သိပ္ပံဇာတ်ကားသစ်မှ သရုပ်ဆောင်ဟန်။

“မော်ဝင်ကြိုး” ဇာတ်ကားမှ လူမင်းနှင့် အိန္ဒြာကျော်ဇင်။

သရုပ်ဆောင်ကွက်

Idian In The Cupboard **ဇာတ်ကားမှ သရုပ်ဆောင်ကွက်။**

❋ အမျိုးသားညီလာခံမှ

ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် လုပ်ငန်းကော်မတီဝင်များက ပြည်ထောင်စုခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

တွေ့ဆုံမေးမြန်း

ထို့နောက် ဧည့်သည် အမေရိကန်ပြည်ထောင်စုမှ ပညာရှင်အဖွဲ့ဝင်များသည် ပြည်ထောင်စုခန်းမအတွင်းနှင့် ခန်းမရှေ့တို့၌ အမှတ်တရ ဓာတ်ပုံရိုက်ကြပြီး ဧည့်သည် အမေရိကန်ပြည်ထောင်စုမှ ပညာရှင်အဖွဲ့ ခေါင်းဆောင် ပါမောက္ခ ဒေါ်ဝင်းဝင်းကြည်နှင့် အဖွဲ့ဝင် University of Harvard မှ Dr. Jon Abdullah Yasinတို့အား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV-3) က အမျိုးသားညီလာခံနှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းမှုများကို ဖြေကြားကြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် ဧည့်သည် အမေရိကန်ပြည်ထောင်စုမှ ပညာရှင်အဖွဲ့ဝင်များအား ညောင်နှစ်ပင်စခန်း အနော်ရထာရိပ်သာ၌ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က နံနက်စာ အချိုပွဲများဖြင့် ဧည့်ခံပြီး ဧည့်သည် အမေရိကန်ပြည်ထောင်စုမှ ပညာရှင်အဖွဲ့ဝင်များသည် ညောင်နှစ်ပင်စခန်းအတွင်း လှည့်လည် ကြည့်ရှုလေ့လာကြကာ နံနက် ၁၀နာရီခွဲတွင် ပြန်လည်ထွက်ခွာသွားကြသည်။ (သတင်းစဉ်)

❒ စာမျက်နှာ ၁၁ မှ

ယင်းနောက် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို အဆိုပါအစုအဖွဲ့မှ ကိုယ်စားလှယ်များက ဆက်လက်ဖတ်ကြားတင်ပြကြသည်။

ဖတ်ကြားတင်ပြ

ရှေးဦးစွာ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေး အကြံပြုချက်စာတမ်းပါ စီမံခန့်ခွဲရေးကဏ္ဍကို အမျိုးသားညီလာခံ ကိုယ်စားလှယ် ပြည်ထဲရေးဝန်ကြီးဌာနမှ ဦးဘမြင့်က စတင်ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းပါ တရားစီရင်ရေးနှင့် ကျန်ကဏ္ဍအားလုံးကို အမျိုးသားညီလာခံ ကိုယ်စားလှယ် တရားရုံးချုပ်မှ ဦးဉာဏ်ထွန်းက ဆက်လက် ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀နာရီ ၂၅မိနစ်တွင် ရပ်နားလိုက်သည်။

ကျင်းပမည်

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ၂၀၀၄ ခုနှစ် ဇူလိုင် ၉ရက် (သောကြာနေ့) နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမေရိကန်ပြည်ထောင်စု Bergen Community Collage, Yale University မှ ပါမောက္ခ ဒေါ်ဝင်းဝင်းကြည် ဦးဆောင်သော Yale University, Columbia University နှင့် New York Universityတို့မှ ပညာရှင်အဖွဲ့ဝင်များ လာရောက်လေ့လာကြစဉ်။ (သတင်းစဉ်)

စွမ်းအင်အသင်း ပြည်ထဲရေးကို အနိုင်ရ ဘဏ္ဍာ/ အခွန်နှင့် ဗိုလ်လုပွဲ ဆင်နွှဲရမည်

ရန်ကုန် ဇူလိုင် ၈

၂၀၀၄ –၂၀၀၅ ဘောလုံးရာသီ အဆင့်မြင့်တန်းကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် စွမ်းအင်အသင်းနှင့် ပြည်ထဲရေးအသင်းတို့သည် ယနေ့ညနေ ၃နာရီခွဲတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြရာ စွမ်းအင်အသင်းက သုံးဂိုး–တစ်ဂိုးဖြင့်အနိုင်ရရှိပြီး နောက်ဆုံးဗိုလ်လုပွဲသို့တက်ရောက်သွားသည်။

စွမ်းအင်အသင်း – သုံးဂိုး။
(မျိုးဇော်ဦး၊ ထွန်းထွန်းအေးနှင့် နိုင်ဝင်း–တစ်ဂိုးစီ)
ပြည်ထဲရေးအသင်း – တစ်ဂိုး။
(နေသူလှိုင်)
ဒိုင်လူကြီး ဦးဝင်းဦး။

လူငယ်အများစုဖြင့် ဖွဲ့စည်းထားပြီး ခြေစွမ်းပြကစားနေသည့် အသင်းကြီးတစ်သင်းဖြစ်သည့် စွမ်းအင်အသင်းသည် ယနေ့ပွဲတွင်လည်း ဆက်လက်ခြေစွမ်းပြကစားကာ ပြည်ထဲရေးအသင်းကို အနိုင်ယူပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ပြည်ထဲရေးအသင်းသည် ယခုနှစ် ဘောလုံးရာသီ အပါအဝင် သုံးကြိမ်ဆက်တိုက် အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သော်လည်း သုံးကြိမ်စလုံး ဗိုလ်လုပွဲသို့ မတက်ရောက်နိုင်ခဲ့ပေ။

တိုက်စစ်မျိုးစုံ

ပထမပိုင်းတွင် စွမ်းအင်အသင်းက ကွင်းလယ်ကို စိုးမိုးကစားထားနိုင်၍ ပြည်ထဲရေးဘက်သို့ ပိုမိုထိုးဖောက်ကစားနိုင်ခဲ့သည်။ ပြည်ထဲရေးအသင်းမှာ အလယ်တန်းက ခံစစ်သို့ ဆင်းကူနေရ၍ တိုက်စစ်သို့ လျင်လျင်မြန်မြန် မပံ့ပိုးနိုင်ခြင်း၊ တိုက်စစ်မှူးများကို စွမ်းအင် နောက်ခံလူများ မလွတ်တမ်း ထိန်းကပ် ကစားနေခြင်းကြောင့် ထင်သလောက် တိုက်စစ်မဆင်နိုင်ခဲ့ပေ။ စွမ်းအင်ကလည်း တစ်ခါတစ်ရံ အတို့အဆိတ်များ၊ တစ်ခါတစ်ရံ အဝေးဘောများဖြင့် တိုက်စစ်မျိုးစုံသုံးကာ ပြည်ထဲရေးဘက်သို့ ထိုးဖောက်ရာ ၁၉ မိနစ်တွင် ပြည်ထဲရေးနောက်ခံလူ၏ အမှားမှတစ်ဆင့် မျိုးဇော်ဦးက စွမ်းအင်အတွက် ဂိုးစတင် သွင်းယူလိုက်သည်။

ချေပဂိုးရရှိ

ချက်ချင်းဆိုသလိုပင် ပြည်ထဲရေးက ချေပဂိုးရရှိရန် တိုက်စစ်အား မြှင့်တင်ကစားခဲ့ရာ ၂၃ မိနစ်တွင် စွမ်းအင် ပိုင်နယ်တိ စည်းနားရရှိသော ပြစ်ဒဏ်ဘောကို တိုက်စစ်မှူး နေသူလှိုင်က တိုက်ရိုက်ကန်သွင်းရာ ဂိုးဝင်သွား၍ ပြည်ထဲရေးအသင်း ချေပဂိုးရရှိကာ ပထမပိုင်းတွင် တစ်ဂိုးစီ သရေဖြစ်နေသည်။

ဒုတိယဂိုး

ဒုတိယပိုင်းတွင်လည်း စွမ်းအင်အသင်းက ခြေအသာဖြင့် ကစားကာဖိကစားနိုင်ခဲ့သည်။ စွမ်းအင် တိုက်စစ်ကို ပြည်ထဲရေးအသင်းက အလယ်တန်းလူများပါ ဆင်းပြီးဟန့်တားခဲ့သော်လည်း မအောင်မြင်ဘဲ ၁၉မိနစ်တွင် ဒုတိယဂိုး ထပ်မံပေးလိုက်ရသည်။ ကျော်မျိုးဟန် ကန်တင်ပေးသော ထောင့်ကန်ဘောလုံးကို ထွန်းထွန်းအေးက နောက်ပြန် ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ထို့နောက်ပိုင်းတွင်လည်း စွမ်းအင်တိုက်စစ်ကို ပြည်ထဲရေးတို့ ဖျက်ထုတ်နေရ၍ တိုက်စစ်ဆင်သည့်အခါ သုံးလေးယောက်သာ တိုက်စစ်၌ လိုက်ပါနိုင်ခြင်း၊ တိုက်စစ်မှူးများ၊ စွမ်းအင်ခံစစ်မှူးများကို မကျော်လွှားနိုင်ခြင်းကြောင့် ပြည်ထဲရေး၏ ချေပဂိုးရရေး ရည်မှန်းချက် မအောင်မြင် ဖြစ်ခဲ့ရသည်။ ၄၃ မိနစ်တွင် ပြစ်ဒဏ်ဘောကို ကျော်မျိုးဟန် ကန်တင်ပေးရာ နိုင်ဝင်းက ခေါင်းတိုက်သွင်းယူလိုက်၍ စွမ်းအင် တတိယနှင့် ပွဲသိမ်းဂိုး ရရှိသွားသည်။

ပွဲအပြီးတွင် ကြေးမုံက ယနေ့ပွဲနှင့်ပတ်သက်၍ နှစ်ဖက်အသင်းအား တွေ့ဆုံမေးမြန်းခဲ့သည်။

ပြိုင်ဘက်ဟောင်း

ရှေးဦးစွာ စွမ်းအင်အသင်း အုပ်ချုပ်သူ ဦးမြင့်ဌေးက “ကလေးတွေ အနိုင်ရရှိရန် အစွမ်းကုန် ကြိုးစားကစားခဲ့ကြောင်း၊ မိမိတို့ အသင်းအနေဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည့်အတွက် အသင်းနှင့် ကစားသမားတွေအတွက်ပါ ဂုဏ်ယူစရာ ကောင်းပါကြောင်း၊ တစ်ဖက်အသင်းက ကြိုးစားကစားခဲ့၍ အပြန်အလှန်ရှိခဲ့သော်လည်း မိမိတို့က အခွင့်အရေးများ အသုံးချနိုင်၍ အနိုင်ရရှိခြင်းဖြစ်ကြောင်း၊ ကလေးတွေ စိတ်ဓာတ်တက်အောင်လည်း မိမိတို့က ပံ့ပိုးမှုများပေးထားကြောင်း၊ ဗိုလ်လုပွဲတွင်တွေ့မည့် ဘဏ္ဍာ/အခွန်အသင်းမှာလည်း မိမိတို့နှင့်ပြိုင်ဘက်ဟောင်းများ ဖြစ်ကြောင်း၊ ဘဏ္ဍာ/အခွန်အသင်းမှာ အသင်းကောင်းတစ်သင်း ဖြစ်သော်လည်း မကြာမီက ပြီးစီးသွားသည့် ကွင်းပိတ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် မိမိတို့က အနိုင်ရရှိထားကြောင်း၊ ထိုအစဉ်အလာကို ယခုဗိုလ်လုပွဲတွင် ဆက်လက်ထိန်းသိမ်းနိုင်အောင် ကြိုးစားသွားမည် ဖြစ်ကြောင်း” ပြောကြားသွားသည်။

ပြည်ထဲရေးအသင်း အုပ်ချုပ်သူ ဒုတိယရဲမှူးကြီး ခင်ထွန်းက “မိမိတို့ ကလေးများ အခွင့်အရေးများ ရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့ကြောင်း၊ မိမိတို့က ခံစစ်ကစားပြီး တန်ပြန်တိုက်စစ်ဖြင့် ကစားမည်ဟု ရည်ရွယ်ထားသော်လည်း ကလေးတွေ(ကွာတားဖိုင်နယ်)ပွဲတွင် ပိုင်နယ်တီအထိ ကစားခဲ့ရ၍ ပွဲပန်းနေသဖြင့် ထင်သလို မကစားနိုင်ခဲ့ကြောင်း၊ စွမ်းအင် အသင်းမှာလည်း အသင်းကောင်း တစ်သင်း ဖြစ်ပါကြောင်း၊ ပေးလိုက်ရသည့် သုံးဂိုးမှာလည်း မိမိတို့ ကလေးများ အနည်းငယ် ပေါ့ဆ၍ ပေးလိုက်ရခြင်း ဖြစ်ကြောင်း၊ နောက်ပြိုင်ပွဲများတွင် အကောင်းဆုံးဖြစ်အောင် ဆက်လက် ပြင်ဆင်သွားမှာဖြစ်ကြောင်း” ပြောကြားသွားသည်။

နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဇူလိုင် ၁၂ရက်တွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်းတွင် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းနှင့် စွမ်းအင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ (ကြေးမုံ)

ပြည်ထဲရေးအသင်းနှင့် စွမ်းအင်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်စဉ်။ ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

ကံမမြို့နယ်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၈

ကံမမြို့နယ်အသင်း(ရန်ကုန်)က ကြီးမှူး၍ ရန်ကုန်မြို့တွင် ကျောင်းထိုင်ဆရာတော်ကြီးများအဖြစ် သီတင်းသုံးလျက်ရှိကြသော ကံမမြို့နယ်ဇာတိဆရာတော်ကြီး၁၇ပါးအား ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ကြည့်မြင်တိုင်မြို့နယ်၊ ကျောင်းကြီးလမ်း၊ မဟာပုညောပကာရဓမ္မာရုံ၌ ဇူလိုင် ၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များ၊ အသင်းမဝင်ရသေးသော ကံမမြို့နယ်သူ၊ မြို့နယ်သားအားလုံးတက်ရောက်ကြပါရန်နှင့် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ကိုယ်တိုင်ဆက်ကပ်လှူဒါန်းလိုပါက ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းအောင်(ငြိမ်း) ဖုန်း ၅၄၁၇၇၃၊ ဦးအောင်တိုး ဖုန်း–၀၉၉၉၂၄၇၇၃၊ ဦးစိုးငြိမ်း ဖုန်း–၂၄၄၇၆၀နှင့် ဦးသိန်းတန် ဖုန်း–၂၄၄၁၀၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ခန္တီးမြို့၌ မိုးရေချိန်စံချိန်သစ်တင်

ရန်ကုန် ဇူလိုင် ၈

၂၀၀၄ခုနှစ် ဇူလိုင် ၈ရက် မြန်မာစံတော်ချိန် နံနက် ၀၉:၃၀နာရီ အချိန်တွင် ခန္တီးမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၄၂၉ မီလီမီတာ (၁၆ ဒသမ ၈၉ လက်မ)သည် ယင်းမြို့၏ လွန်ခဲ့သော နှစ်ပေါင်း ၃၃နှစ်အတွင်း ဇူလိုင်လအတွက် အများဆုံးတိုင်းထွာရရှိခဲ့သော ၂၄နာရီ မိုးရေချိန်စံချိန်သစ်ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ ၃၄၆မီလီမီတာ (၁၃ ဒသမ ၆၂လက်မ)ဖြစ်ပြီး ၁၉၈၉ခုနှစ် ဇူလိုင် ၂ရက်တွင် ရှာသွန်းခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။

ကလေးတွေ ကြိုးစား၍ အသင်းအတွက် ဂုဏ်ယူပါတယ်ဟုစွမ်းအင် ဝန်ကြီးဌာန အသင်း အုပ်ချုပ်သူ ဦးမြင့်ဌေးက ကြေးမုံသို့ ပြောကြားစဉ်။ (ဓာတ်ပုံ–စိုးညွန့် (ကြေးမုံ)

ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်ရောက်နိုင်

ရန်ကုန် ဇူလိုင် ၈

ချင်းတွင်းမြစ်ရေသည် ယနေ့ နံနက် ၆း၃၀နာရီအချိန် တိုင်းထွာချက်အရ ခန္တီးမြို့တွင် ၁၁၀၉ စင်တီမီတာသို့ ရောက်ရှိနေပြီး၊ ၂၄နာရီအတွင်း ၃၈၆စင်တီမီတာ ၁၃ပေခန့် တိုးလာသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၃၆နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၆၀စင်တီမီတာသို့ ရောက်ရှိနိုင်မည်ဟု ခန့်မှန်းကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ ထုတ်ပြန်သည်။

ရွှေနိုင်ငံဂျာနယ် အတွဲ(၃)၊အမှတ်(၆) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၈

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ပညာရေးရာဌာနမှ ထုတ်ဝေသည့် ရွှေနိုင်ငံဂျာနယ် အတွဲ(၃)၊ အမှတ်(၆)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အပေါ်ပုံ)**

အဆိုပါဂျာနယ်တွင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ကြီးမှူးကျင်းပသော ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ (၁၈) ကြိမ်မြောက် မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားတက်ရောက်သည့်သတင်း၊ တက္ကသိုလ်မြတ်သူ၏ အဘယ်ကြောင့်လူငယ်၊ချစ်နိုင်(စိတ်ပညာ)၏ မိုင်းဆတ်-တာချီလိတ်ခရီး၊ မောင်ဆုရှင်၏ ဟင်းစားပေးခြင်းနှင့် ကွန်ချက်ပြခြင်း၊ ကြည်လင်း(ဆေး)၏ နီကိုတင်း၏ ဆင်းရဲတွင်း၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဒေသဖွံ့ဖြိုးရေးအကောင်အထည်ဖော်မှု သတင်းများ၊ နိုင်ငံတကာ ဖြစ်ရပ်များ စုံလင်စွာ ဖော်ပြပါရှိသည်။

(က-ပ)

ဇူလိုင်၆ရက်က ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း(၂၀၀၄-၂၀၀၅)ခု ပညာသင်နှစ် ကျောင်းကောင်စီ ကတိသစ္စာခံယူပွဲ အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော် အသင်းခေါင်းဆောင် ဆရာ၊ ဆရာမများအား ခေါင်းဆောင်အလံပေးအပ်စဉ်။ (သတင်းစဉ်)

မြန်အောင်မဟာစည် ဝါတွင်း (၁၀)ရက်တရားစခန်း

ရန်ကုန် ဇူလိုင် ၈

ဧရာဝတီတိုင်း မြန်အောင်မြို့ လေးမျက်နှာ မဟာစည် သာသနာ့ရိပ်သာ ကျောင်းတိုက်ကြီးတွင် ဝါတွင်းသုံးလ (၁၀)ရက် တရားစခန်းအဖြစ် ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်မှစ၍ တစ်ကြိမ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်နေ့ တစ်ကြိမ်၊ တော်သလင်းလပြည့်ကျော် ၇ရက် တစ်ကြိမ် ကျင်းပမည်ဖြစ်သည်။ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ကြီး၏ ဥပနိဿယနည်းအတိုင်း ဘဒ္ဒန္တပညိန္ဒာဘိဝံသ (သ-စ-အ-ဓမ္မာစရိယ မဟာ/အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ) ဆရာတော်ကိုယ်တိုင် မဟာသတိပဋ္ဌာန် ဝိပဿနာ တရားတော်ကို ဟောကြားပြသတော်မူမည်ဟု သိရသည်။

(က-ပ)

မြန်မာရိုးရာလက်ဝှေ့ နိုင်ငံတကာသို့ ပြန့်ပွားရေးရည်ရွယ်၍ မြန်မာ-ဂျပန် လက်ဝှေ့ပြိုင်ပွဲ

MMBox မှ လက်ဝှေ့ပြိုင်ပွဲအစီအစဉ်ကို
မွဲခင်းမှာ ကြည့်ရသလိုဖြစ်အောင် တင်ဆက်ပါတော့မည်

လက်ဝှေ့ပြိုင်ပွဲအစီအစဉ်ကို
MMBox မှ တင်ဆက်ပါမည်။

MALAY | ENGLISH
12th JULY
4-skill + Translation
31st JULY
KM CENTRE ဖုန်း : 221160

DECENT
Computer system
Sales, Service & Training , Ph:541752
Hardware & System Administration Course
Computer Supervisor
(A' Hardware, How computer works, Software & Hardware installation, Trouble shooting, Networking (Workgroup) E-mail & Internet using & configuration.)

INTERNATIONAL STANDARD
345-347, Shwebontha Street.

99 EXPORT FASHION
"တိုးချဲ့ဖွင့်လှစ်ခြင်း"

99 EXPORT FASHION အား တိုးချဲ့ဖွင့်လှစ်ခြင်း အထိမ်းအမှတ် အနေဖြင့် (10-7-04 ⇔ 31-7-04) ထိ အထူးလျှော့ဈေးနှုန်း များဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါး အပ်ပါသည်။

★ 99 Member အားလုံးကိုလည်း လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

No. 14/15, Bargayar Road, Sanchaung Township, Yangon.
Ph : 510625 H.P : 09 - 50 - 16838

(ဩဂုတ်လထုတ် မကြာမီထွက်ပါတော့မည်)

Congratulation !

to

EXCEL TREASURE TOWER, EXCEL SHOPPING MALL
EXCEL TREASURE HOTEL

on

The Occasion of Opening Ceremony

1.	U Kyaw Nyunt	Kyaw Nyunt & Brothers Co.,Ltd.
2.	U Nyan Wai	First Top Group Co.,Ltd.
3.	U Aung Thein	Aung Thiha Co.,Ltd.
4.	U Aung Shwe	Fantasy World Co.,Ltd.
5.	U Kyaw Aung	Benhur Trading Co.,Ltd.
6.	U Ohn Saing	New Golden Gate Co.,Ltd. (1991)
7.	Daw Yee Yee Tun	Y.Y.T International Co.,Ltd.
8.	Daw Khin Hla Tin	(L.L.B) (Consultant & Estate)
9.	U Htay Khaing	Aung Thapyay Khaing Co.,Ltd.
10.	U Khin Maung Myat	Peace Myanmar Electric Co.,Ltd.
11.	U Yan Hol	Asia Metal Construction Co.,Ltd.
12.	U Win Lwin	Kyaw Tha Co.,Ltd.

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	[illegible]	[illegible]	[illegible]	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇	STANMAR WINERY & DISTILLERY CO.LTD		[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈	STANMAR WINERY & DISTILLERY CO.LTD		[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	V-74, V-75	[illegible]
၁၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	[illegible]	[illegible]	[illegible]	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

ကားအမြန်ရောင်းမည်

TE-11

ရှေ့၊ နောက်တန်းကြီး

၈/၅၆ - -

ပွဲစားမလို

Ph-၅၂၆၄၈၈။

အမည်ပြောင်းခြင်း

ဦးအေး-ဒေါ်ရွှေတိုး တို့၏သားများဖြစ်ကြသော မောင်ကျော်တေဇအား မောင်ကျော်နန္ဒာထွန်းဟုလည်းကောင်း၊ မောင်ကျော်ဇေလတ်အား မောင်စွယ်စုံအောင်ဟုပြောင်းလဲခေါ်ပါရန်။

မောင်ကျော်နန္ဒာထွန်း
မောင်စွယ်စုံအောင်။

အမည်ပြောင်းခြင်း

ဦးသာနို့အောင်-ဒေါ်ခင်ခင်အေး တို့၏သား စစ်တွေမြို့၊ အထက(၄) ဒသမတန်း(E)မှ အောင်ဖြိုး [၁၁/စတန(နိုင်)၀၆၅၀၃၄]အား ဖြိုးသန့်ဟု ပြောင်းလဲခေါ်ပါရန်။ **ဖြိုးသန့်။**

အမည်ပြောင်းခြင်း

ဦးစိန်ဝင်း၏သမီး အထက(၃)၊ မြစ်ကြီးနား၊ ဆဋ္ဌမတန်း(က)မှ မဖူးငုံဝင်းအား မကေဇင်ဝင်းဟု အမည်ပြောင်းလဲခေါ်ပါရန်။

မကေဇင်ဝင်း။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ည/၄၈၇၄ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူ လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊ ခရိုင်ရုံး (ပြည်)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး (ပြည်)။

Wai Yan Electronics

- မှန်ကန်သောဈေးနှုန်း
- စုံလင်သောပစ္စည်း
- ဘီလ်အကျော်ဝန်ဆောင်မှု
- ဆိုင်ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်

162/164, Pansodan St., Kyauktada Tsp., Yangon, Myanmar.
Ph: 951-254559, 254560, 254561, 254562, 254564 Fax: 951-250446

" နိုးအေးအေး မိတ်ဆွေအသစ် "
ရွေပါးပါးနဲ့ ဒီဇိုင်း သန့်သန့်လေးတွေကို လိုချင်ပါသလား !
နိုင်ငံရဲ့ လုပ်တဲ့ ဒီဇိုင်းဆန်းလေးတွေကို ဝတ်ချင်ပါသလား !

နိုင်ငံတကာလိုမ်ရတဲ့ အရောင်တင်မှုနဲ့ မှန်ကန်တဲ့ရက်ချိန်းကို ဆောင်ရွက်ပေးနေတဲ့
နိုင်ငံတကာ Design အတွေ့အကြုံများ စုစည်းရာ
MYANMAR YES
မှ
ဇူလိုင် (၁၅) ရက် မှ ဩဂုတ်လ (၁၅) ရက်ထိ
Show Room: 66, Kaba Aye Pagoda Road, Yangon, Myanmar. Tel 951-661902, 666770, 666823
Fax: 951-665503, E-mail: myesjewelry@mptmail.net.mm, Website: www.myesjewelry.com.mm

မနောရမ္မပညာဒါန

အင်္ဂလိပ်၊ ပြင်သစ်၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ စပိန်
နိုင်ငံခြားဘာသာသင်တန်းများ ၁၀-၇-၂၀၀၄ရက်နေ့ဖွင့်မည်။
အမြန်စာရင်းသွင်းပါ။ စမ်းချောင်း၊ ဖုန်း-၅၃၇၀၂၆။

ရှမ်းရိုးမနဂါးကျောက်မီးသွေးတူးဖော်ရေးစီမံကိန်းအတွက်

ဝန်ထမ်းများအမြန်အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။ AGTI (EP) ကျား ၂ ဦး - လုပ်သက် ၁၀ နှစ်နှင့်အထက် (33KV, 6KV Substation များကို တာဝန်ယူစီမံခန့်ခွဲဆောင်ရွက်နိုင်သူဖြစ်ရမည်)

၂။ စက်ပြင်ကျွမ်းကျင် ကျား ၅ ဦး - အနည်းဆုံး ၁၀တန်းအောင်၊ လုပ်သက် ၅နှစ်နှင့် အထက်(စက်၊ ယာဉ်၊ ယန္တရားကြီးများတပ်ဆင်၊ ပြင်ဆင်နိုင်သူဖြစ်ရမည်) AGTI/ THS/ ITC ဆင်းများကိုဦးစားပေးမည်။

၃။ ရုံးဝန်ထမ်း ကျား/မ ၃ ဦး - ဘွဲ့ရ၊ အသက် ၄၀ နှစ်အောက်၊ လုပ်သက် ၅နှစ်နှင့်အထက် (အင်္ဂလိပ်စာ အရေးအဖတ်၊ အပြောကျွမ်းကျင်၍ ပြည်ပနှင့် စာရေးသားဆက်သွယ်နိုင်သူ၊ ရုံးစာများကိုယ်တိုင်ရေးသားနိုင်သူ၊ ကွန်ပျူတာ၊ E-mail အသုံးပြုနိုင်သူ၊ အားကစားလုပ်ငန်းစိတ်ဝင်စားသူ ဖြစ်ရမည်)

* အမှတ်စဉ် ၁ နှင့် ၂ မှာ ပင်လောင်းမြို့နယ်၊ တီကျစ်ဒေသတွင် သွားရောက်တာဝန်ထမ်းဆောင်ရမည်။ အမှတ်စဉ် ၃ မှာ ရန်ကုန်တွင်တာဝန်ထမ်းဆောင်ရမည်။

* အထက်ပါရာထူးများအတွက် လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ တစ်လအတွင်းရိုက်ကူးထားသောဓါတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံစာ၊ လျှောက်မှန်းလစာတို့ကိုဖော်ပြ၍ ဤကြော်ငြာပါသည့်နေ့မှ(၁၀)ရက်အတွင်း အောက်ပါလိပ်စာသို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

ရှမ်းရိုးမနဂါးကုမ္ပဏီလီမိတက် (ရုံးချုပ်)
အမှတ်(၁၉)၊ ရွှေပုန်းညက်ရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၅၀၁၈၅၉၊ ၅၀၁၈၆၀

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ယ/၉၆၅၇၁ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊ ခရိုင်ရုံး(ပြည်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး(ပြည်)။

သိစေရန်

ဒေါ်ခင်အုံးမြင့်အမည်ပေါက် ရွှေပေါက်ကံမြို့၊ ၁၂/၆၃၀ ငွေသွင်းပြေစာပျောက်ဆုံးသွားပါ၍ လက်ဝယ်ရှိသူသည်ခုနစ်ရက်အတွင်း လိပ်စာအတိုင်းအမြန်အကြောင်းကြားပါရန်။

ဒေါ်ခင်အုံးမြင့်
[၁၂/မဂဒ(နိုင်)၀၃၇၉၂၇]
၁၆/၉၀၁၊ ရွှေပေါက်ကံမြို့။



မွေးနေ့ဆုတောင်း

၈-၇-၂၀၀၄တွင် ကျရောက်ခဲ့သော **မလှလှကြည်**၏ မွေးနေ့မှသည် နှစ်(၁၀၀)တိုင် မောင်၊ ဖူဂျီကို၊ ယူမီကို သမီးများနှင့် အတူ ပျော်ရွှင်ချမ်းမြေ့သော ဘဝလမ်းကို စိတ်တူကိုယ်တူ တက်ညီလက်ညီဖြင့် လျှောက်လှမ်းနိုင်ပါစေလို့။

မောင် (အောင်မျိုး)။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

ရက်စွဲ၊ ၂၀၀၄ခုနှစ် ဇွန်လ ၂၉ရက်

ချိပ်ပိတ်ဈေးနှုန်းလွှာများခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းသုံးအတွက် အောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့် ပေးချေဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်
၁။	စက်ဆီ၊ ချောဆီများ
၂။	ယာဉ် စက်/ ယန္တရားအရန်ပစ္စည်းများ

ဈေးနှုန်းလွှာပိတ်ရက်မှာ ၁၆-၇-၂၀၀၄ရက်နေ့ (၁၆း၀၀)နာရီဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာပုံစံ တစ်စုံလျှင် ကျပ်၁၀၀၀/-(ကျပ်တစ်ထောင်တိတိ) နှုန်းဖြင့် ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၂၈၂၅၃၄၊ ၂၄၈၁၁၂လိုင်းခွဲ(၂၃၅)တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
(ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)
ကြေညာချက်

၁။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန(ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် ဂျပန်နိုင်ငံ တိုကျိုမြို့ TOPA 21st Century Language School တို့ ပူးပေါင်း၍ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ဂျပန်ဘာသာစကား (Basic Course) အထူးသင်တန်းအမှတ်စဉ်(၂၁)ကို ဖွင့်လှစ်ပါမည်။
(က) ဂျပန်နိုင်ငံ၊ တိုကျိုမြို့ TOPA 21st Century Language School မှ လာရောက်ပို့ချမည်။
(ခ) အချိန်ပြည့်သင်တန်း ရက်သတ္တ(၁၀)ပတ် နာရီပေါင်း ၂၀၀နာရီ
(ဂ) ၂၀၀၄ခုနှစ် ဇူလိုင်လ ၂၆ရက်နေ့ ဖွင့်လှစ်မည်။
(ဃ) အခြေခံပညာအထက်တန်း စာမေးပွဲကို (က)အဆင့်ဖြင့် အောင်မြင်သူများ (သို့မဟုတ်) တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်သူများ လျှောက်ထားနိုင်သည်။

၂။ အသေးစိတ်ကို ရုံးချိန်အတွင်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)တွင် စုံစမ်းနိုင်ပါသည်။

ဖုန်း-၅၁၄၃၇၁ လိုင်းခွဲ-၁၂၃။

သန်းသန်းအေး
မော်ကွန်းထိန်း။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
အင်ဂျင်နီယာဌာန
(အခြေစိုက်အလုပ်ရုံ - ၃၊ မရမ်းကုန်း)

အခြေစိုက်အလုပ်ရုံ(၃)တွင် ဖွင့်လှစ်သော အမျိုးသား/အမျိုးသမီး အခြေခံယာဉ်မောင်းသင်တန်းကို ၅-၈-၂၀၀၄နေ့တွင် ဖွင့်လှစ်ပါမည်။ ၁၂-၇-၂၀၀၄ နေ့မှစ၍ စာရင်းပေးသွင်းနိုင်ပါသည်။ အင်ဂျင်နီယာမှူးများနှင့် ဝါရင့်နည်းပြဆရာများမှ သင်ကြားပေးပါသည်။ သင်မောင်းလိုင်စင်နှင့် (ခ)လိုင်စင်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးသည်။

သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။

၎င်းအပြင် - အခြေခံ လျှပ်စစ်ဂဟေဆက်သင်တန်း၊ အင်ဂျင်ထိန်းသိမ်းပြုပြင်မှု သင်တန်း၊ တွင်ခုံသင်တန်းများကို ၃-၈-၂၀၀၄နေ့တွင် စတင်ဖွင့်လှစ်ပါမည်။ အင်ဂျင်နီယာမှူးများနှင့်ဝါရင့်ပညာရှင်များမှ စာတွေ့၊ လက်တွေ့ကို အနီးကပ်ကြီးကြပ် သင်ကြားပို့ချပေးမည်ဖြစ်ပါသည်။

ဆက်သွယ်ရန် - ပြည်လမ်း၊ (၈)မိုင်လမ်းဆုံနှင့် မြိုင်ဟေဝန်ပန်းခြံအနီး၊ မရမ်းကုန်းမြို့နယ်။ ဖုန်း-၆၆၀၈၅၁။

အလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

- **မန်နေဂျာ** — **ကျား/မ(၁)ဦး (၂၅နှစ်မှ ၄၅နှစ်အတွင်း)**
- စားသောက်ဆိုင်လုပ်ငန်းအတွေ့အကြုံ(၅)နှစ်အထက်
- တရုတ်မြန်မာစကားကျွမ်းကျင်
- အခြေခံပညာအထက်တန်း
- အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။

ဆက်သွယ်ရန်ဖုန်း - ၂၂၁၇၆၄/၂၁၁၁၃၂
(နန်ယန်စားသောက်ဆိုင်)၊ ၁၆၀၊ ဝါးတန်းလမ်း၊ လမ်းမတော်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား

ချိပ်ပိတ်တင်ဒါ(Sealed Tender)များခေါ်ယူခြင်း

